# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၁၉)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၇ခုနှစ် ဩဂုတ်၂၀ရက်တွင် ကျရောက်သည့် ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာ လာဇလိုဆိုလီလာမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန် အရေးကြီးသည်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်း

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲမြို့နယ် စခန်းသာကျေးရွာ တောင်သူ ဦးထွန်းကျော် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# တစ်ဧကအထွက်နှုန်းတိုးအောင် ကြံမျိုးကောင်းမျိုးသန့်များ နည်းစနစ်ကောင်းများဖြင့် စိုက်ပျိုး သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ သတ်မှတ်အချိုးအစားအတိုင်း သုံးစွဲဆောင်ရွက်

## နောင်ချိုမြို့နယ်တွင် ၂၀၀၇ ခုနှစ် ကြံစိုက်ဧက လျာထားချက်ပြည့်မီအောင် စွမ်းဆောင်

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၇ ရက်နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အုမ္မခါးအုပ်စု ရွှေညောင်ပင်ကျေးရွာရှိ ဦးညီခင်၏ ဆင်းရွှေလီအထူးအထွက်တိုး ၂၅ ဧက ကြံစိုက်ခင်းသို့ ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောက်မဲခရိုင်နှင့် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆင်းရွှေလီအထူးအထွက်တိုး ကြံစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စိုက်ခင်းတာဝန်ခံ ဦးဝင်းရှိန်က ဖြစ်ထွန်းအောင်မြင်နေသည့် ၂၅ ဧကကြံစိုက်ခင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တစ်ဧကအထွက်နှုန်း တိုးတက်လာအောင် ကြံမျိုးကောင်းမျိုးသန့်များကိုသုံးစွဲ၍ နည်းစနစ်ကောင်းများကို ပြောင်းလဲစိုက်ပျိုးပြီး သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို သတ်မှတ်သည့် အချိုးအစားအတိုင်းသုံးစွဲသွားရေး မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၀ ရက်)

# ဈေးကွက်အလားအလာကောင်းသော ပဲမျိုးစုံတိုးချဲ့စိုက်ပျိုး

ပဲမျိုးစုံသည် ဈေးကွက်ရှိသော သီးနှံဖြစ်၍ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

အဓိကစိုက်ပျိုးသော ပဲများမှာ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ်၊ ပဲစင်းငုံ၊ မြေထောက်ပဲ၊ ပဲလွမ်း၊ စွန်တာနီနှင့် စွန်တာပြာတို့ ဖြစ်သည်။ ယင်းပဲမျိုးစုံကို သီးထပ်သီးညှပ် စိုက်ပျိုးနိုင်သကဲ့သို့ စိုက်ပျိုးရန် လွယ်ကူပြီး ကုန်ကျစရိတ် သက်သာ၍ စီးပွားရေးအရ တွက်ခြေကိုက်သည်။

ယခုအခါ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၌ ပဲမျိုးစုံ ထုတ်လုပ်မှုတွင် ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ပဲမျိုးစုံတင်ပို့ရောင်းချသော ထိပ်တန်းနိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

၂၀၀၆-၂၀၀၇ စိုက်ပျိုးရေးရာသီတွင် ပဲမျိုးစုံကို ဧက ၉ဒသမ ၈သန်းကျော်အထိ တိုးချဲ့စိုက်ပျိုးခဲ့ပြီး ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ခဲ့သည်။

ယခုနှစ် ၂၀၀၇-၂၀၀၈ စိုက်ပျိုးရေး ရာသီတွင် စိုက်ဧကများ တိုးချဲ့လျက် တစ်ဧက အထွက်နှုန်းကောင်းရန် မျိုးကောင်းမျိုးသန့်များ ရွေးချယ်သုံးစွဲခြင်း၊ စိုက်စနစ်မှန်ကန်စွာ အသုံးချခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပဝယ်လိုအားကောင်းမှုကို ထိန်းထားနိုင်ရေးအတွက် အရည်အသွေး ကောင်းမွန်သောပဲများ ဆက်လက်စိုက်ပျိုးထုတ်လုပ်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဈေးကွက်အလားအလာကောင်းပြီး စီးပွားရေးအရ တွက်ခြေကိုက်သည့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုကို စိုက်ပျိုးရေး ပညာရှင်များနှင့် တောင်သူဦးကြီးတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြှင့်တင် ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၂၀-၈-၂၀၀၇
(တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း-၂၃)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ မေးမြန်းစုံစမ်း
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း-၁၇)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၇
(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ ဝင့်ရှိလျှင်လည်းခံပါမယ် တရားတော် (အပိုင်း-၂) ဘဒ္ဒန္တ အရှင်ပညာဒီပ (ဟသ်ာတဆရာတော်)
၈:၀၀ တောင်တန်းပေါ်က စိန်တလုံး
၈:၁၀ တေးဂီတအစီအစဉ်
၈:၁၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၂၅ တေးဂီတအစီအစဉ်
၈:၃၀ ရန်ကင်းမြို့ ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့် စေတီတော်
၉:၀၀ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀ MRTV-4 စာအုပ်စင်ကဏ္ဍ သံဃာတော်များနှင့် ပြောဆိုဆက်ဆံနည်း စာအုပ် စီစဉ်ပြုစုပူဇော်သူ ဓမ္မစက္က ဦးမောင်မောင်နှင့် တွေ့ဆုံခြင်း
၉:၄၅ တေးဂီတအစီအစဉ်
၉:၅၀ မျိုးကောင်းမျိုးသန့်အကြောင်း သိကောင်းစရာ
၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (လိပ်ခေါင်းရောဂါ၊ အစာအိမ် လေနာရောဂါတို့နှင့် ပတ်သက်သော ကျန်းမာရေး ပြဿနာများ)
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ 'ဖိုးကျား ဆင်စခန်း' (အပိုင်း-၁)
၁၀:၄၅ မိုးလေဝသခန့်မှန်းချက်
၁၀:၅၀ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ ကုန်သွယ်စီးပွား နိုင်ငံ့အား (ဆက်သွယ်ဆောင်ရွက်မည် ကမ္ဘာနှင့်အညီ)
၁၁:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀ ဆန်းသစ်တီထွင်မှုနှင့် Myanmar Font
၁၂:၀၅ တေးဂီတအစီအစဉ်
၁၂:၁၀ တည်ငြိမ်အေးဆေးစွာ တရားဘာဝနာ အားထုတ်နိုင်စေရာ
၁၂:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀ Hotel Guide (Summit Park View)
၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ စည်းဝေး တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဩဂုတ် ၁၉

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၂၇/၂၀၀၇)ကြိမ်မြောက် အစည်းအဝေးကို ဩဂုတ် ၁၇ရက်က နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ယင်းနောက် ယခင်အပတ်အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက တစ်ပတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရွက်မှု အခြေအနေများ၊ လိုင်စင်မဲ့ ဆိုင်ကယ်ဖမ်းဆီးရရှိမှု အခြေအနေများနှင့် ယာဉ်တိုက်မှုအခြေအနေများကို တင်ပြသည်။

### တင်ပြ

ဆက်လက်၍ ကော်မတီ၊ ဆပ်ကော်မတီအလိုက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြပြီး မြန်မာနိုင်ငံ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးက တစ်ပတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူမှု ကြုံတွေ့ရသည့် အခြေအနေများနှင့် ဆက်လက်၍ စစ်ဆေးအရေးယူ ဆောင်ရွက်မည့် အစီအမံများကို တင်ပြသည်။

### ညှိနှိုင်းပေါင်းစပ်

ထို့နောက် တော်ဝင်ပို့ဆောင်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဌေးလွင်က နေပြည်တော်ဒေသအတွင်း တော်ဝင်ယာဉ်လိုင်း ပြေးဆွဲလျက်ရှိသည့် အခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြပြီး ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများက တင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်မှာကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးသည်။

### အမှာစကား

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

**ကြည့်မြင်တိုင်မြို့နယ် ထီးတန်းလမ်း ၇၇၊ အခန်း ၁၀နေ ဦးကျော်နိုင်အား ရည်စူး၍ ဒေါ်အောင်ဆန်းမြင့်(ခ) ဒေါ်မြင့်မြင့်၊ ဒေါ်စန်းစန်းနိုင်(ခ) ဒေါ်ရွှေစင်နှင့်ကိုသန်းမင်းဇော် - မဝင်းဝင်းမော်၊ သမီး ဇင်မာဟန်မင်းဇော် မိသားစုတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာ**




**သုံးထပ်ဆောင်သစ်အတွက် ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# ယာဉ်စက်ပြင်များ အရည်အချင်းမြင့်မားပြီး ခါးဆက်မပြတ်ရေး သစ်တိုက်ယာဉ်မောင်းနှင့် စက်ပြင်မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၉

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ်၁၈ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ရှိ အမှတ် ၃၄သစ်စက် (ပြူတွင်း)သို့ ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံမှူး ဦးသန်းစိုးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ဝန်ကြီးက စက်ရုံ အတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ အင်ဂျင်ခန်း၊ ခွဲစိတ်ပြီးသစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။**

## ရှင်းလင်းတင်ပြ

ဆက်လက်ပြီး ဝန်ကြီးနှင့်တာဝန်ရှိသူများသည် နေပြည်တော်ရှိအမှတ်(၂) လေ့ကျင့်ရေးသင်တန်းကျောင်းပျဉ်းမနားသို့ ရောက်ရှိလာရာ ကျောင်းအုပ်ကြီး ဦးကျော်ဇင်နှင့် မြန်မာ့သစ်လုပ်ငန်း စီမံကိန်းနှင့်စာရင်းအင်းဌာန ဒုတိယ အထွေထွေ မန်နေဂျာ ဦးခင်ဇော်တို့က သင်တန်းကျောင်းရှင်းလင်း ဆောင်တွင် ကျောင်း၏ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးက ယာဉ်မောင်း စက်ပြင်အဆင့်(၄) မွမ်းမံသင်တန်းနှင့် သစ်တိုက်ယာဉ်ကြီးမောင်း မွမ်းမံ သင်တန်းပို့ချနေမှုများအား ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ရှိ ပင်မအလုပ်ရုံ (ပျဉ်းမနား)သို့ ရောက်ရှိလာရာ အလုပ်ရုံ ရှင်းလင်းဆောင်တွင် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အထွေထွေ မန်နေဂျာ ဦးအောင်စန်းနှင့် အလုပ်ရုံ၏ လက်ထောက် အထွေထွေမန်နေဂျာ ဦးမြင့်ဆွေတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ဝန်ကြီးက ခြိုးခြံချွေတာရေး၊ ယာဉ်ပြင်များ အရည်အချင်းမြင့်မားပြီး ခါးဆက်မပြတ်ရေး၊ အလွဲသုံးစားမှု မဖြစ်စေရေးမှာကြားသည်။

ဆက်လက်ပြီး ဝန်ကြီးမှ အလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပစ္စည်းသိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# ဘားအံမြို့ စိုးရိမ်ရေမှတ်ကျော်

နေပြည်တော် ဩဂုတ် ၁၉

**သံလွင်မြစ်ရေသည် ယနေ့ နံနက်၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၆၈ စင်တီမီတာသို့ ရောက်ရှိနေပြီးစိုးရိမ်ရေမှတ်အထက် ၌ ၁၈စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်၇၅၈စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရသည်။**

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် ၂၀၀၇ ခုနှစ်တွင် ကြံစိုက်ခင်း ၉၈၇၆ ဧက စိုက်ပျိုးရန် လျာထားရာ ယခု အခါ လျာထားဧကကို ပြည့်မီအောင် စိုက်ပျိုးနိုင်ပြီး အထွက်တိုးရန် ကြံ တစ်ဧကလျှင် တန် ၅၀မှ ၅၅ တန် အထိ ထွက်ရှိကြောင်း သိရသည်။

## ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချိုရိပ်သာ၌ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့် တွေ့ဆုံရာ နောင်ချိုမြို့ နယ်တွင် တည်ဆောက်မည့် ပြောင်လှျို ရေအားလျှပ်စစ်စီမံကိန်းနှင့် စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော် ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြား ရေးမှူး ဦးနေဝင်းသိန်းက ရှင်းလင်း တင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်း လင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဝက်ဝံ-တောင်ခမ်းလမ်း အမြန်ပြီးစီးရေးအတွက် တာဝန်ရှိသူ များက အနီးကပ်ကြီးကြပ်ဆောင်ရွက် ပေးရန်နှင့် လိုအပ်သည်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် နောင်ချို-ကျောက်မဲ ကားလမ်း ဘေး ဝဲ/ယာ ရှိ ဖြစ်ထွန်းအောင်မြင် နေသော ခြံစည်းရိုး ကြက်ဆူစိုက်ခင်း များ၊ ပြောင်းစိုက်ခင်းများနှင့် လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြ ရာ မန္တလေး-လားရှိုးကားလမ်း မိုင်တိုင် အမှတ် ၁၀၀/၅ ရှိ ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် စခန်းသာကျေးရွာ စကမြေပဲ စိုက်ပျိုးပွဲသို့ ရောက်ရှိသည်။

## ဂုဏ်ပြုချီးမြှင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးတို့သည် စက မြေပဲမျိုးစေ့များကို စိုက်ပျိုးပေးပြီး တောင်သူဦးထွန်းကျော် စိုက်ပျိုးထား သည့် အောင်မြင်ဖြစ်ထွန်းနေသော မြေပဲစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မြေပဲစိုက်ပျိုးပွဲသို့ တက် ရောက်ကြသည့် မြေပဲစိုက်တောင်သူ များနှင့်ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ရှမ်းရိုးရာအက များဖြင့်ကပြဖျော်ဖြေကြသည့်ယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ကျောက်မဲမြို့နယ် အနေဖြင့် ၂၀၀၇-၂၀၀၈ မိုးရာသီ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ တိုးချဲ့စိုက်ပျိုး သွားမည်ဖြစ်ရာ မိုးမြေပဲလျာထားချက် ၄၁၀၂ ဧကတွင် ၃၉၇၇ စိုက်ပြီးဖြစ် ကြောင်း၊ မိုးနှမ်း လျာထားချက် ဧက ၄၄၀တွင် စိုက်ပြီးဧက ၂၅၂ စိုက်ပြီး ဖြစ်ကြောင်းနှင့် မိုးနေကြာလျာထားချက် ဧက၁၂၀တွင် ၁၂၂ဧကစိုက်ပျိုးပြီး ဖြစ် ကြောင်းသိရသည်။ အဆိုပါ တောင်သူ ကြီး ဦးထွန်းကျော်၏ မြေပဲစိုက်ခင်း တွင် တစ်ဧကလျှင် ၆၅တင်းမှ တင်း ၇၀ကြားထွက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၃)၊ အမှတ်(၃၂)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၁၉**

ဖလားဝါးနယူးဂျာနယ် အတွဲ(၃)၊ အမှတ်(၃၂)တွင် သတ်မှတ်မိုင်နှုန်း အတွင်းပျက်ပါက အစီးလိုက် လဲပေးမည့် ပြည်တွင်းထုတ် ကားဈေးကွက် ဖြန့်တော့မည်၊ မြန်မာလူမျိုးတို့၏ သက်တမ်းပျမ်းမျှအားဖြင့် လျော့ကျခြင်းမရှိ သော်လည်း သက်တမ်းပြည့် နေထိုင်နိုင်ရေး၊ ရောဂါများကို ဂရုပြုရန်လို၊ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ အင်တာနက်ပေါ်မှ ကြည့်ရှုနိုင်ရန် စီစဉ်နေ၊ မြန်မာနိုင်ငံထွက် အမျိုးသားဝတ်လုံချည် သီရိလင်္ကာသို့ တင်သွင်းရန် ကမ်းလှမ်း၊ မြန်မာနိုင်ငံသားများ ဘဏ်အစုရှယ်ယာ ကျပ်သန်းငါးရာ တိုးမြှင့် ရောင်းချမည်၊ 'ပထမအရွယ်မှာ ... တရားဘာဝနာ' လူငယ်များ ဘာသာ တရားနှင့် ပတ်သက်၍လေ့လာ အားထုတ်လာမှုအကြောင်း သတင်းဆောင်းပါး စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'မန်ယူပရိသတ်ရင်မှာ အပူမီးတွေ ကိန်းဝပ်ခဲ့တဲ့ ပရီမီးယားပြေးလမ်း အစ' အားကစားဆောင်းပါးနှင့်အတူ ဂျပန်နိုင်ငံ ဆံဖြူသွားကျိုး ဘိုးဘွားများ၊ ခေတ်သစ် နည်းပညာနယ်သို့ဝင်ကြပြီ၊ သူ့ထက်သူလူမြင့် ယူကရိန်းနိုင်ငံသား ဖြစ်လာ၊ မေတ္တာရေးရာမှာလည်း ခန္ဓာအဆီဓာတ်ပါနေ၊ ဟယ်ရီပေါ်တာစာအုပ် တရားမဝင် ဘာသာပြန်သူ ပြင်သစ်ဆယ်ကျော်သက် အရေးယူခံရ၊ အာရှ၏ ချို့တဲ့မှုကို နည်းသစ်များဖြင့် ချဉ်းကပ်ရန် နိုင်ငံတကာဆွေးနွေးပွဲ ရင်ပြင်က တိုက်တွန်း၊ အလွန်အကျွံ ရေကြီးမှုကြောင့် နှစ်စဉ်လူသန်းငါးရာ ဒုက္ခရောက်နေ၊ အကြိမ်(၄၀)မြောက် နှစ်ပတ်လည်ရတုသည် အာဆီယံ၏သမိုင်း၌ မှတ်တိုင်ကြီး တစ်ခုဖြစ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အာကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ကမြန်မာတစ်ပြည်လုံးဖြန့်ချိထားသည်။ **(သတင်းစဉ်)**

# ဗိုလ်တထောင်စေတီနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား အမျိုးသားညီလာခံကိုယ်စားလှယ်များ ဖူးမြော်ကြည်ညို ခရစ်ယာန်ဘာသာဝင်များ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်း

ရန်ကုန် ဩဂုတ် ၁၉

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၌ ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြ သော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့ (စနေနေ့)နံနက်တွင် ရန်ကုန်မြို့ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်သို့ သွားရောက်ဖူးမြော်ကြသည်။**



## ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မြနန်းစံကျော် ရွှေနန်းတော် နန်းဦးဘုရားကြီး တန် ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် နန်းဦးဘုရားကြီးအား ဖူးမြော်ကြည်ညို ကြပြီး နန်းဦးဘုရားကြီး တန်ဆောင်း၌ စေတီတော်တာဝန်ခံ အလှည့်ကျဂေါပက အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး စေတီတော်မြတ်၏ သမိုင်းအကျဉ်းတို့ကို ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ က စေတီတော်အတွက် အလှူငွေများ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော် မြတ်အား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့အတူ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည်ယနေ့(တနင်္ဂနွေ နေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ ရောက် ရှိကြပြီး ရှေးဦးစွာ စေတီတော်အထက် ပစ္စယာ၌ ကိန်းဝပ်စံပယ်တော်မူသည့် ပတ္တမြားမျက်ရှင် ရုပ်ပွားတော် မြတ်အား ဖူးမြော်ကြည်ညိုကြပြီး စေတီတော် ကြီးအား လက်ယာရစ် တစ်ပတ်လှည့် လည် ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဆက်ကပ် လှူဒါန်းပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားဆင်းတု တော်များအား ရေသပ္ပာယ်ခြင်း၊ စေတီ တော်အတွက် အလှူငွေများထည့်ဝင် လှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှု များ ပြုလုပ်ကြသည်။

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်း ကုန်းမြို့နယ် ၁၀ရပ်ကွက် ပါရမီလမ်း ရှိ ရန်ကုန်ခရစ်ယာန်ဘုရားရှိခိုးကျောင်း သို့ သွားရောက် ဝတ်ပြုဆုတောင်း ကြသည်။ **(သတင်းစဉ်)**

# ရွှေဘိုခရိုင်တောင်သူလယ်သမားများအား စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၁၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စစ်ကိုင်းတိုင်း တိုင်း တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ စီစဉ်မှုဖြင့် တောင်သူ လယ်သမားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေ ရန်ရည်ရွယ်၍ ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့် ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့မှ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ကန့်ဘလူ၊ ကျွန်းလှမြို့နယ်များရှိ ကျေးရွာပေါင်း ၁၁၁ ရွာမှ တောင်သူပေါင်း ၂၃၆၇ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၈၀၀ ထုတ်ပေးမည်ဖြစ် သည်။

မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ စိုက်ပျိုး စရိတ်ချေးငွေများကို တောင်သူလယ်သမားများလက်ဝယ်သို့ ဩဂုတ် ၂၂ ရက် အပြီး ကျေးရွာများသို့သွား၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၉ခုနှစ် ဝါခေါင်လဆန်း ၇ ရက် (အဖိတ်နေ့)**

**၂၀-၈-၂၀၀၇ရက်(တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင် |
| ၇း၅၅ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈း၁၀ | ၆။ | တိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၂၀ | ၇။ | ချစ်စရာအရွယ် ကကြိုးသွယ် |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Grammar Made Easy |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) [အထက(၄)မင်္ဂလာတောင်ညွန့်] (အမျိုးသားဝတ်ရွတ်အဖွဲ့) |
| ၁၆း၅၀ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (အထူးပြုအားလုံး) [အင်္ဂလိပ်စာ] |
| ၁၇း၀၅ | ၅။ | အကပဒေသာ |
| ၁၇း၁၅ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇း၂၅ | ၇။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၁၇း၃၅ | ၈။ | တိုင်းရင်းသားရိုးရာအဆိုအကများ |
| ၁၇း၄၅ | ၉။ | ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင် ပထမတန်းအဆင့်] (အမျိုးသား၊ အမျိုးသမီး) မိုင်းပြာမှုန်ဝေ(စောင်းမူမူသိန်း) |
| ၁၈း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၂။ | အလှရှာမယ် အလှကမ္ဘာဝယ် |
| ၁၉း၀၀ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း-၄) |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၃၇) |

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်သာသနာ့နုဂ္ဂဟအဖွဲ့ရုံး ဖွင့်လှစ်လွှဲပြောင်းလှူဒါန်းပွဲ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

**နေပြည်တော် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ် သာသနာ့နုဂ္ဂဟအဖွဲ့ရုံး ဖွင့်ပွဲနှင့် လွှဲပြောင်းလှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ နောင်တုံ ကန်ပတ်လမ်းရှိ ပြည်နယ် သာသနာ့နုဂ္ဂဟရုံး အဆောက်အအုံရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဥပါသကာများနှင့် အလှူရှင်များတက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

အစီအစဉ်အရ ရှေးဦးစွာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘန (စုစမ်းလီ)ဆရာတော်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ဆရာတော် သံဃာတော် ၁၀ ပါးတို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပြည်နယ် သာသနာ့နုဂ္ဂဟရုံး အဆောက်အအုံနှင့်သက်ဆိုင်သော စာရွက်စာတမ်းများအား အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဘန(စုစမ်းလီ) ဆရာတော်အမှူးပြုသော အလှူရှင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လွှဲပြောင်းပေးအပ်ရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံရယူသည်။

ဆက်လက်၍ အလှူငွေများကိုပေးအပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက လည်းကောင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)မှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို တွဲဖက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်ကလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ် သာသနာ့အဖွဲ့ ဥက္ကဋ္ဌက လက်ခံရယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်သာသနာ့နုဂ္ဂဟအဖွဲ့ရုံး အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

# စာကြည့်တိုက်အဖွဲ့ချုပ် အထွေထွေညီလာခံတက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၉**

တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက် အသင်းများအဖွဲ့ချုပ် (IFLA)၏ (၇၃)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ အကြံပေးပုဂ္ဂိုလ် ဦးချိုအေးသည် ဩဂုတ် ၁၅ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာသတင်းနှင့်စာနယ်ဇင်းကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xinhua News Agency ၏ ဖိတ်ကြားချက်အရ မြန်မာသတင်းနှင့်စာနယ်ဇင်း ကိုယ်စားလှယ်အဖွဲ့ဝင် ရှစ်ဦးသည် ဩဂုတ် ၁၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ မြန်မာသတင်းနှင့်စာနယ်ဇင်းကိုယ်စားလှယ်အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းနှင့် ပုဂ္ဂလိကသတင်းဂျာနယ်များမှ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးမောင်မောင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုး၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ စာတည်းမှူး ဦးထိန်လင်းအောင်၊ စာပေဗိမာန်မှ စာတည်း ဒေါ်တင်မွှေး၊ ရန်ကုန်တိုင်းမ်ဂျာနယ်မှ ဦးကိုကို (ကိုကို၊ စက်မှုတက္ကသိုလ်)၊ ပေါ်ပြူလာဂျာနယ်မှ ဦးမောင်မောင်ဦး (ဟိန်းလတ်)၊ လျှပ်တစ်ပြက်ဂျာနယ်မှ ဦးမြတ်ခိုင်နှင့် ကုမုဒြာဂျာနယ်မှ ဦးကျော်ဆန်းမြင့်(ကျော်ရင်မြင့်)တို့ ပါရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

**ရန်ကုန် ဩဂုတ် ၁၉** ကိုထွေး - စုစည်းတင်ပြသည်

## (၁၉)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ မြန်မာနှင့်လီဆိုသို ယနေ့ ယှဉ်ပြိုင်ကစားမည်

မလေးရှားနိုင်ငံ၏ နှစ်(၅၀) ရွှေရတု လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် (၁၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲကို မလေးရှားနိုင်ငံ၌ ဩဂုတ် ၂၀ ရက် **(ယနေ့)**မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရှစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

**မလေးရှားနှင့် လာအို**

ဩဂုတ် ၂၀ ရက် **(ယနေ့)**တွင် အုပ်စု(က)ပွဲစဉ်များကို စတင်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် လီဆိုသိုအသင်း၊ ဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ရေပန်းစားလျက်ရှိ**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် လေးကြိမ် ဗိုလ်စွဲထားပြီး ယခုပြိုင်ပွဲ၌လည်း ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားလျက်ရှိသည်။

**ဘရာဇီးနည်းပြ**

(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို မြန်မာနည်းပြများကသာ တာဝန်ယူခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် ဘရာဇီးလူမျိုး နည်းပြ မားကို့စ်အန်တိုနီယိုက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

**ခြေစမ်းပွဲများ**

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို ဘရာဇီးလူမျိုး နည်းပြမားကို့စ်အန်တိုနီယို တာဝန်ယူလေ့ကျင့်ချိန် လေးလနီးပါးကြာမြင့်ချိန်တွင် ယခုကဲ့သို့ မာဒေးကားဖလား ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ၎င်းတာဝန်ယူ လေ့ကျင့်သည့် ကာလအတွင်း ပြည်တွင်းမှ အဆင့်မြင့်တန်း အသင်းများနှင့်သာ ခြေစမ်းပွဲများကစားခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲ ကစားခဲ့ခြင်း မရှိချေ။

**ကိုးဦး ပြန်လည်ပါဝင်လာ**

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို အားကစားသမား ၁၈ဦးဖြင့် ဖွဲ့စည်းထားရာ ၂၀၀၆ခုနှစ် မာဒေးကားဖလား ပြိုင်ပွဲဝင် ချန်ပီယံအသင်းမှ ကစားသမားကိုးဦး ပြန်လည်ပါဝင်လာသည်။

နည်းပြ မားကို့စ်အန်တိုနီယို၏ နည်းပြပေးမှုကြောင့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် နည်းဗျူဟာ၊ ကစားကွက်နှင့် တစ်ဦးချင်းစွမ်းရည်များ သိသိသာသာ တိုးတက်ကောင်းမွန်လာသည်ဟု ပြည်တွင်းအားကစား မီဒီယာများက သုံးသပ်သည်။

**ကမ္ဘာ့အဆင့် ၁၄၃**

မြန်မာအသင်းနှင့် လီဆိုသိုအသင်းတို့ ဘောလုံးပြိုင်ပွဲသမိုင်းတစ်လျှောက်၌ တစ်ကြိမ်မျှ တွေ့ဆုံဖူးခြင်း မရှိချေ။ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကျင်းပခဲ့သည့် အာဖရိကတောင်ပိုင်း ဘောလုံးအဖွဲ့ချုပ်ဖလား (Cosafa Cup) ဘောလုံးပြိုင်ပွဲ၌ လီဆိုသိုအသင်းနှင့် ယူဂန္ဓာအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ အဆိုပါပြိုင်ပွဲ၌ပင် လီဆိုသိုအသင်းသည် အင်ဂိုလာအသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ နမီးဘီးယားအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၏ နောက်ဆုံးထုတ်ပြန်မှုအရ လီဆိုသိုအသင်းသည် ကမ္ဘာ့အဆင့် ၁၄၃ ၌ ရပ်တည်လျက်ရှိသည်။

**တာဝန်ယူဆောင်ရွက်**

မာဒေးကားဖလား ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသန်းဇော် (ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူ ဦးအေးမောင်ကြီး(အမှုဆောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ နည်းပြချုပ်အဖြစ် မားကို့စ်အန်တိုနီယို(ဘရာဇီး)၊ နည်းပြ ဦးဉာဏ်ဝင်း (စီးပွား/ကူးသန်း)၊ လက်ထောက်နည်းပြများအဖြစ်ဦးကြည်လွင် (မြို့တော်စည်ပင်)နှင့် ဦးအောင်နိုင်၊ ဂိုးနည်းပြ ဦးမျိုးချစ်(မြို့တော်စည်ပင်)၊ အသင်းဆရာဝန် ဒေါက်တာအောင်ကျော်ဦး (အား/ကာ ဦးစီးဌာန)၊ သူနာပြုအဖြစ် ဦးဘကြိုင်(အား/ကာ ဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ကြသည်။

**ပါဝင်**

မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ကျော်ဇင်ထက် (ဆောက်လုပ်ရေး)၊ **(နောက်တန်း)** ခင်မောင်လွင် (လယ်ယာ/ဆည်မြောင်း)၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ မင်းသူ၊ ဇော်လင်းထွန်း (စီးပွား/ကူးသန်း)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ)၊ သူရအောင် (ဘဏ္ဍာ/အခွန်)၊ **(အလယ်တန်း)** မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ မိုးဝင်း (စီးပွား/ကူးသန်း)၊ ဇော်ထက်အောင် (စွမ်းအင်)၊ အောင်မိုး (မြို့တော်စည်ပင်)၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ **(ရှေ့တန်း)** ရန်ပိုင်၊ စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)၊ အောင်ကျော်မျိုး (စွမ်းအင်)တို့ ပါဝင်ကြသည်။

## မြန်မာကရာတေးဒိုနှင့် ပြေးခုန်ပစ်အဖွဲ့ နိုင်ငံတကာပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မည်

**မလေးရှား ဆီရီဘမ်းမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် (၈)ကြိမ်မြောက် အာရှအကြီးတန်း ကရာတေးဒိုပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ကရာတေးဒိုအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။**

ဝင်ရောက်ယှဉ်ပြိုင်

**ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၂ရက် အထိကျင်းပမည့် (၁၁)ကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။**

## လေးပွင့်ဆိုင် ဖူဆယ်ဘောလုံးပြိုင်ပွဲယှဉ်ပြိုင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ဖွဲ့စည်းမည်

**(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည့် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသား ဖူဆယ်ဘောလုံးအသင်းဖွဲ့စည်းရန်အတွက် လေးပွင့်ဆိုင် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၅ နှင့် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။**

**အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ဆပ်ကော်မတီမှ ပဏာမရွေးချယ်ထားသည့်သုံးသင်းနှင့် မန္တလေးတိုင်း လက်ရွေးစင်ဖူဆယ်အသင်း စုစုပေါင်းလေးသင်းတို့ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သူများကို ရွေးချယ်ကာ ပဏာမမြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ဖွဲ့စည်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။**

# ကလေးမွေးပြီးပြီးချင်း တစ်နာရီအတွင်း မိခင်နို့တိုက်ကျွေးခြင်း ကလေးသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင် မိမိရင်သွေးများ စနစ်တကျ နို့ချိုတိုက်ကျွေးရေး ပညာပေးစည်းရုံး

နေပြည်တော် ဩဂုတ် ၁၉

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဩဂုတ် ၆ရက် နံနက် ၉နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ(၁)တွင် ကျင်းပသော ၂၀၀၇ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို ၁၉၉၂ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၁၆)ကြိမ်မြောက်ရှိပြီ ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု၏ ရည်မှန်းချက်များမှာ ကလေးမွေးပြီးပြီးချင်း အချိန်တစ်နာရီအတွင်း မိခင်နို့တိုက်ကျွေးစေခြင်းဖြင့် ကလေးသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်ကြောင်း။



### စဉ်ဆက်မပြတ်

မိခင်နို့တိုက်ကျွေးခြင်းသည်အကျိုးကျေးဇူး များစွာရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံ/ဆေးပေးခန်းများ ...

မိခင်နို့တိုက်ကျွေးခြင်းသည်အကျိုးကျေးဇူး များစွာရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ဌေ့သည်တော်များ အားလုံး သိရှိနှင့် မလုံလောက်ကြောင်း၊ ပြည်သူများအားလုံး၊ အထူးသဖြင့် မိခင်နှင့် မိခင်လောင်းများဖြစ်သည့် အမျိုးသမီးများ အားလုံး သိရှိပြီး မိမိတို့၏ ရင်သွေးများကို စနစ်တကျ နို့ချိုတိုက်ကျွေးကြရန် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်ကြရန် လိုကြောင်း၊ ပညာပေးစည်းရုံးသွားရန်မှာကြားလိုကြောင်း။ ရင်သွေးငယ်များ အသက်မဆုံးရှုံးရေးနှင့် အာဟာရပြည့်ဝရေးတို့အပြင် ရင်သွေးငယ်၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်ပေးနိုင်သည့် စရိတ်ကျဉ်းသည့် မိခင်နို့တိုက်ကျွေးခြင်းဖြင့် အနာဂတ် အမိမြန်မာနိုင်ငံတော် အတွက် ကျန်းမာသန်စွမ်းကြံ့ခိုင်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်သည့်သားကောင်း၊ သမီးကောင်း ရတနာများ ပေါ်ထွက်လာမှာဖြစ်ပါကြောင်း၊ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး စီမံချက်ကို ကျန်းမာရေးနှင့်နီးနွယ်သည့်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သည့် စေတနာရှင်အဖွဲ့အစည်းများနှင့် ပြည်သူ တစ်ရပ်လုံးကပါ ဝိုင်းဝန်းပြီး လက်တွဲညီညီ ဆောင်ရွက်မှ အောင်မြင်မှာ ဖြစ်ပါကြောင်း၊ မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းဖြင့် ကျန်းမာသန်စွမ်းကြံ့ခိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်း ရတနာများ ပေါ်ထွက်လာစေရေးကို သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ လက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းစသည်ဖြင့် မှာကြားသည်။

### ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးနေ့နှင့် ပတ်သက်သော ဆန်းစစ်မေးခွန်းလှာပြိုင်ပွဲ(နို့တိုက်မိခင်)တွင် ပထမဆုရ မဟာအောင်မြေမြို့နယ်မှ မချိုမာဦး၊ ဒုတိယဆုရ ချမ်းမြသာစည်မြို့နယ်မှ မမိုးသီတာနှင့် တတိယဆုရ အမရပူရမြို့နယ်မှ မခင်ချောတို့ကိုဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့နှင့် ပတ်သက်သော ဆန်းစစ်မေးခွန်း လှာ(ကိုယ်ဝန်ဆောင်)တွင် ပထမဆုရ မဟာအောင်မြေ မြို့နယ်မှ မတူး၊ ဒုတိယဆုရ ပုသိမ်ကြီးမြို့နယ်မှ မစံပယ်နှင့် တတိယဆုရ အမရပူရမြို့နယ်မှ မရွှေရည်ဝင်းတို့ကို ဆုများအသီးသီးပေးအပ် ချီးမြှင့်သည်။

### အားပေး

ထို့နောက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ဆေးစက်မထင်တဲ့အဖြူ တစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေ တင်ဆက်ရာ တိုင်းမှူး၊ ဇနီးနှင့် ပရိသတ်တို့က ကြည့်ရှုအားပေးကြသည်။

### ဆုပေးအပ်

ဆက်လက်၍ တစ်ခန်းရပ်ပြဇာတ်ဖျော်ဖြေတင်ဆက်သည့်အဖွဲ့အား တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက ဂုဏ်ပြုဆုပေးအပ် ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**




**ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် (၇)မိုင် ကုန်းမြင့် ရိပ်သာ အမှတ် (၁၁-က) နေ ဒေါ်ခင်ခင်ဖြူက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ငါးရှဉ့်လုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ
# ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၉

**ငါးရှဉ့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ်၁၇ရက် နံနက်၈နာရီခွဲက နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။**

အစီအစဉ်အရ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းနှင့်ငါးရှဉ့်လုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်တို့က ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း ငါးရှဉ့်လုပ်ငန်းရှင် ကိုယ်စားလှယ်များက အသီးသီး ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ ဈေးကွက်လိုအပ်ချက်အရ ငါးရှဉ့်များ တင်ပို့ရောင်းချရာတွင် ဈေးနှုန်းထိန်းပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ငါးရှဉ့်မှာ နိုင်ငံတော်၏ သယံဇာတ ဖြစ်သည့်အတွက် ငါးရှဉ့်မျိုး မပြုန်းတီးစေရန် သတ်မှတ်အရွယ်ထက်ငယ်သော ငါးရှဉ့်များကို တင်ပို့ခြင်း မပြုရန်ကို လည်းကောင်း ဆွေးနွေးမှာကြား၍ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်မောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးခင်ကိုလေးနှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်တို့က အသီးသီး ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်း ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းတွင် အမှတ် ၂၈ ခေမာသီ၂လမ်း မိချောင်းကန်အပိုင်း (၃)ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးအောင်မင်း-ဒေါ်ခင်သန်းဦး၊ သား-မောင်တင်ထွန်းအောင် မိသားစုက မိဘများဖြစ်သော ဦးအုန်းသော်-ဒေါ်ခင်သန်းနွယ်တို့အား ရည်စူး၍ ဆွမ်း၊ ကွမ်းထာဝရငွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်းကို အသင်းအကျိုးဆောင် အတွင်းရေးမှူး ဦးစိုးဝင်းနှင့်အမှုဆောင် ဦးမြင့်လွင်တို့သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## အနေ့းယာဉ်များ စနစ်တကျမောင်းနှင်ရေးပညာပေး

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (အခွန်)ဒေါ်အေးအေးခိုင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၉ရက်က ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် ပြည်ထောင်စု လမ်းမကြီးဘေး ဝဲယာတစ်လျှောက်ရှိ အနေ့းယာဉ်များ၊ လက်တွန်းလှည်းများ စည်းကမ်းတကျ မောင်းနှင်ရေး၊ ယာဉ်ကြံ့ခိုင်မှု ရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်မှု ရှိစေရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပညာပေးဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

## မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

### ဝမ်းပျက်ဝမ်းလျှောရောဂါ ဖလမ်း၌ ကြိုတင်ကာကွယ်

**ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် ဝမ်းပျက်ဝမ်းလျှော မရှိစေရေး ကြိုတင်ကာကွယ်ရေး ဟောပြောစည်းရုံး ပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၉ရက် နံနက်၈နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထလာဟာရဲတို့က အဖွဲ့ပိုင်ဈေးအတွင်း သားငါးအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအရောင်းဆိုင်များ၊ စားသောက်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေးကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ကြောင်း သိရသည်။** (ခရိုင် ပြန်/ဆက်)

## မောက်မယ်မြို့ သစ်ပင်စိုက်ပျိုးပွဲတော်

**ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်မောက်မယ်မြို့နယ်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီက မွေတော်ရပ်ကွက်အတွင်းရှိ နန်းဖတ်ခုံစေတီ အရှေ့ဘက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိုးမြင့်ဝင်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ပြည်သူများက နှစ်ရှည်သီးပင်များနှင့် ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။** (မြို့နယ် ပြန်/ဆက်)

## မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားကျင်းပ

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ကျောက်ပန်းတောင်းမြို့နယ် ဆေးရုံအစည်းအဝေးခန်းမ၌ ဩဂုတ် ၂ရက်က ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်စိုး၊ မီးယပ်သားဖွားအထူးကု ဒေါက်တာအေးအေးသစ်တို့က ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ တိုက်နယ်၊ ကျေးလက်ကျန်းမာရေးဌာနများအလိုက် ဆုများချီးမြှင့်ပေးအပ်သည်။ **(မြို့နယ်ကျန်းမာရေး)**

## နတ်ရေတွင်းကျောင်းဆရာတော် ဝါဆိုဦးဒါန

**ပဲခူးတိုင်း ရေတာရှည်မြို့အဝင်ရှိ နတ်ရေတွင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာသည် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အား ဂုဏ်ပြုရည်မှန်းလျက် ဝါဆိုဦးဒါနအဖြစ် ဝါဆိုလဆန်း ၁ရက်မှ ဝါဆိုလပြည့်နေ့အတွင်း ရေတာရှည်မြို့ ပေကုန်းကျောင်းတိုက်အတွင်း၌ တည်ဆောက်လျက်ရှိသော ဓမ္မာရုံကြီးအတွက် အလှူငွေကျပ် ၂၃၅၀၀၀ ကို ပေကုန်းကျောင်း ပဓာနနာယက ဆရာတော်ကြီးထံလည်းကောင်း၊ ရေတာရှည်မြို့ ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် ၁၀၀၀၀၀၊ ရေတာရှည်မြို့ နာရေးကူညီမှုအသင်းအတွက် အလှူငွေကျပ် ၁၀၀၀၀၀၊ ဘိုးတော်ကုန်း အခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေကျပ် ၃၅၁၀၀၀ နှင့် ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် စာသင်ခုံ ၂၀တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။** (က-ပ)

## အိုင်အိုဒင်းဆားသုံးစွဲမှု ကွင်းဆင်းစစ်ဆေး

မင်းတပ်မြို့ စားသောက်ဆိုင်နှင့် ဈေးဆိုင်များတွင် အိုင်အိုဒင်းဆား ရောင်းချသုံးစွဲမှုကို ဩဂုတ် ၇ရက်က ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန့်ဇင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## လမ်းပေါက်ဖာထေးခြင်းလုပ်ငန်း ဖားကန့်၌ ဆောင်ရွက်

**ဖားကန့်မြို့နေ ပြည်သူများသွားလာမှု လွယ်ကူစေရန်အတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လွင်ထွန်း ဦးဆောင်သော ဝန်ထမ်းများသည် အမှတ် (၄)လမ်းမကြီးတစ်လျှောက်ရှိ လမ်းပေါက်များကို ကတ္တရာဖြင့် ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇင်မင်းထွန်းတို့က ကြီးကြပ်ပေးကြောင်း သိရသည်။** (မြို့နယ် စည်ပင်)






# သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ တောင်ကြီး၌ကျင်းပ

## တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန် ဩဂုတ် ၁၉

**ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၈နာရီ ၁၅မိနစ်က တောင်ကြီးမြို့ စူဠာမုနိဘုရားအနီး သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ အဆောက်အအုံများ၏မုခ်ဦးရှေ့တွင် ကျင်းပသည်။**

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ရေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အောင်ထွန်းနှင့်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနေဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ပြပွဲ၊ ပြိုင်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ အဆောက်အအုံရှေ့ရှိ အင်းလေးဒေသထွက် ရေပေါ်စိုက်သီးနှံများ ပြသထားရှိမှုအားလည်းကောင်း၊ ပြပွဲ၊ပြိုင်ပွဲဝင် အသီးအနှံမျိုးစုံ၊ ပန်းမန်စုံတို့ကိုလည်းကောင်း၊ ပြပွဲတွင် ကုမ္ပဏီများ၏ပြခန်းများ၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်ပြခန်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ပြခန်းများရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ လယ်ယာကိုင်းကျွန်းသီးနှံ၊ ဥယျာဉ်ခြံမြေသီးနှံ၊ စားဖိုဆောင်သီးနှံနှင့် ပန်းမန်များပြသထားရှိမှု၊ စိုက်ပျိုးရေးနည်းပညာပေးမှု၊ စိုက်ပျိုးရေးထွက်ကုန် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ယှဉ်ပြိုင်ခဲ့**

အဆိုပါ ပထမအကြိမ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် စိုက်ပျိုးရေးကုမ္ပဏီ ၁၈ခု၊ ပြခန်း ၃၅ ခန်း၊ ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ စိုက်ပျိုးထုတ်လုပ်သူများမှ သစ်သီးဝလံ ၂၂ မျိုးကို ပြိုင်ပွဲဝင် ၁၁၃ ဦး၊ ဟင်းသီးဟင်းရွက် ၂၅မျိုးကို ပြိုင်ပွဲဝင် ၁၃၂ ဦးနှင့် ပန်းမန် ၁၉မျိုးကို ပြိုင်ပွဲဝင် ၁၀၆ ဦး ယှဉ်ပြိုင်ပြသခဲ့သည်။

**ဆုပေးပွဲကျင်းပ**

ထို့နောက် ဩဂုတ် ၂ ရက် နံနက် ၉နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာပြိုင်ပွဲဝင်သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်တစ်မျိုးချင်းအလိုက်ဆုရရှိသည့် စိုက်ပျိုးထုတ်လုပ်သူတို့အား တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# သနပ်ပင် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေး သင်တန်းဖွင့်ပွဲ

## ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဩဂုတ်၁၃ ရက်နံနက်ပိုင်းက လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များဆွေးနွေးမှာကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**အလှူငွေပေးအပ်**

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရွှေပြည်သာမြို့နယ် သံဒင်းအနောက် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားပြီး ကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအသင်းရုံး၌ တိုင်းတွဲဖက်အတွင်းရေးမှူး၊ ခရိုင်နှင့်မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားပြီး သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် အခြေခံစည်းရုံးရေး သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်း တော်ကြီးဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း(ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ်၁၀ ဈေးကြီး တောင်ပေါ်တန်းမော်လမြိုင်မြို့နေ ဦးစိန်ဟိုး၊ ဒေါ်စောတင်အားရည်စူး၍ ရန်ကုန်မုန့်ဆိုင်မိသားစုက အလှူငွေကျပ် ၁၀သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)



**မိဘ ဦးစိန်ဖိုး–ဒေါ်အေးသာ၊ အစ်မကြီး ဒေါ်ကျင်လှ၊ အစ်ကိုကြီး ဦးတိဆိုင်၊ အစ်ကိုလေး ဦးကျင်ဝှက်၊ မောင် ဦးချစ်လှိုင်နှင့် ဦးကျင်ဟိုတို့အားရည်စူး၍ ဒေါ်ကျင်ရွှေက မိမိပိုင်ဆိုင်နေထိုင်ရာ အမှတ် ၇၉ ၁၆လမ်း (၇)ရပ်ကွက် လမ်းမတော်မြို့နယ်ရှိ တိုက်ခန်းနှစ်ခန်း၊ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အပြီးအပိုင် လှူအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်နှင့် အကျိုးဆောင်စာရင်းစစ် ဦးဝင်းထိန်တို့ လက်ခံယူကြစဉ်။** (က–ပ)

# ယခုသောကြာပတ် မြန်မာဇာတ်ကားသစ် ရုံမဝင်သေး အဆင့်မြင့်ရုံများ၌ နိုင်ငံခြားဇာတ်ကားများပြသ

**ရုပ်ရှင်သတင်းထောက်**

**ရန်ကုန် ဩဂုတ် ၁၉**

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံဝင်ခြင်းမရှိသေးဘဲ ပြဆဲဇာတ်ကားများသာ ဆက်လက်ပြသနေပြီး အဆင့်မြင့်ရုံများ၌ နိုင်ငံခြား ဇာတ်ကားများ ဆက်လက် ပြသနေသည်။

သမ္မတရုံတွင် Die Hard(4)၊ သွင်ရုံတွင် Cash ၊ မင်္ဂလာရုံတွင် Rob-B. Hood နှင့် နေပြည်တော်ရုံတွင် Pirates of the Caribbean(3) ဇာတ်ကားများ ဆက်လက်ပြသနေပြီး ရှေ့ဆောင်ရုံ၌ A Battle of Wits တရုတ်ဇာတ်ကားသစ် ရုံဝင်လာသည်။ ဘီစီ ၃၇၀ ခန့်က တရုတ်ဧကရာဇ် အချင်းချင်း စစ်ခင်းကြပုံကို ကျောရိုးပြု ရိုက်ကူးထားသော တရုတ်ဓားသိုင်းကား ဖြစ်သည်။

မြို့မတန်းမြင့်ရုံတွင် Aetbaar အိန္ဒိယဇာတ်ကားရုံဝင်လာပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် Surf Ninjas ကားပြသလျက်ရှိသည်။ ရွှေဂုန်ရုံ မြေညီထပ်တွင် Takkar အိန္ဒိယ အက်ရှင်ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ဆုထူးပန်ရုံတွင် Prithvi ဇာတ်ကားပြသနေပြီး ဘုရင့်ရုံတွင် Chaahat အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။

**ဒီကောင်ဘယ်သူတုန်း**

ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးပြီး နေတိုး၊ အိန္ဒြာကျော်ဇင်၊ မော့စ်တို့ ခေါင်းဆောင်ပါဝင်ထားသော **ဒီကောင်ဘယ်သူတုန်း** ဇာတ်ကားမှာ မြို့လယ်ဝဇီရာ(၁)၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်နှင့် ရောဝတီရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

**ဗီဒီယိုဇာတ်ကားများ**

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးပြီး ကျော်ဟိန်း၊ မင်းဦးနှင့်တင့်တင့်ထွန်းတို့ခေါင်းဆောင်ပါဝင်ထားသော **လူမိုက်တစ်ရာ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာနှင့် မြရတနာရုံများတွင် ဆက်လက်ပြသနေသည်။ ဒါရိုက်တာ မောင်သီရိုက်ကူးပြီး လွင်မိုး၊ အိန္ဒြာကျော်ဇင်နှင့် နှင်းဝတ်ရည်သောင်းတို့ ခေါင်းဆောင်ပါဝင်ထားသော **ရေချိုပင်လယ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**



**ရေချိုပင်လယ်မှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။**



**မကြာမီရုံဝင်လာမည့် ကိုးဆယ်ဆသာလိမ့်မယ်မှ ကျော်ရဲအောင်နှင့် နန္ဒာလှိုင်။**

# မူးယစ်ကင်းစင်အလှဆင်

# ခြစ်စည်းရိုးကြက်ဆူပင်နှင့် မျိုးပွားကိုင်းများ ဆက်လက်ပျိုးထောင် လူမှုရေးအသင်းအဖွဲ့နှင့် စိုက်ပျိုးလိုသူများ ဖြန့်ဝေပေး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ခြစ်စည်းရိုးကြက်ဆူစိုက်ခင်း စစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၁၉

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင်၃၁ရက်က မော်လမြိုင်မြို့နယ်အတွင်း စိုက်ပျိုး အောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် ခြစ်စည်းရိုး ကြက်ဆူပင်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များကို တာဝန်ရှိသူများအား မှာကြားသည်။**

## ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အဖွဲ့သည် မော်လမြိုင်မြို့ရှိ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခြစ်စည်းရိုး ကြက်ဆူပင် ၁၅ ဧက စိုက်ခင်းသို့ ရောက်ရှိကြရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးရွှေနှင့် တာဝန်ရှိသူတို့က ခြစ်စည်းရိုး ကြက်ဆူပင် စိုက်ခင်းအတွင်း ခြစ်စည်းရိုး ကြက်ဆူပင်များစိုက်ပျိုးခဲ့မှု၊ ဆက်လက် ပျိုးထောင်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အောင်မြင် ဖြစ်ထွန်းလျက်ရှိသော ခြစ်စည်းရိုး ကြက်ဆူပင် စိုက်ခင်းကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ဧက ပြည့်မီအောင် ဆက်လက် စိုက်ပျိုးသွားရေး မှာကြားသည်။

## မှာကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မော်လမြိုင်မြို့လေယာဉ်ကွင်းဝန်းကျင်ရှိ ဌာနဆိုင်ရာများ၏ ခြစ်စည်းရိုးကြက်ဆူပင်ဧက ၃၀၀စိုက်ခင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးက တာဝန်ရှိသူများအား ခြစ်စည်းရိုးကြက်ဆူပျိုးပင်များနှင့် မျိုးပွားကိုင်းများ ဆက်လက်ပျိုးထောင်မျိုးပွားပြီး မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ ခြစ်စည်းရိုးကြက်ဆူပင်စုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး ခြစ်စည်းရိုး ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။



စိုက်ပျိုးလိုသူများအား မျိုးပွားဖြန့်ဝေပေးရေး မှာကြားသည်။

## အမှတ်တရစိုက်ပျိုးပေး

တိုင်းမှူးနှင့်အဖွဲ့သည် ဩဂုတ် ၄ ရက်တွင် မော်လမြိုင်မြို့ နောင်ခရီ

အဆိုပါ ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် တိုင်းမှူးက မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များအား ခြစ်စည်းရိုးကြက်ဆူပင် များကိုဝေငှပေးပြီး **(အပေါ်ပုံ)** တိုင်းမှူး နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများက ခြစ်စည်းရိုး ကြက်ဆူပင် ၂၄၀၀၀ ကို တပျော်တပါး စိုက်ပျိုးပေးကြသည်။

**(သတင်းစဉ်)**



**အင်းစိန်မြို့နယ် အမှတ်(၂၇)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန်းက စတုတ္ထတန်းမှ မမြသင်းထုံအား ဆုချီးမြှင့်စဉ်။** (က-ပ)

# အခြေခံမြေတိုင်းနှင့် မြေစာရင်းသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန(ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲရှိ ဝန်ထမ်းများ၏ အခြေခံမြေတိုင်းနှင့် မြေစာရင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက်က ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၁၆ဦးတို့ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်သည်။

ယင်းသင်တန်းတွင် ကွန်ပျူတာ အသုံးပြုစာရင်း၊ မြေပုံထုတ်လုပ်ရာတွင် လည်းကောင်း၊ ကွင်းထွက်မြေပုံများ Scanဖတ်၍ မြေပုံထုတ်လုပ်ရာတွင်လည်း ကောင်း၊Ortho Photoဖြင့် မြေပုံထုတ်လုပ်ရာတွင်လည်းကောင်း လိုအပ်သည့် နည်းပညာရပ်များကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း ဟောင်း (မူလ ကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံ များ ဆောက်လုပ် ရန်အတွက်ရန်ကုန် တိုင်း သန်လျင်ရေနံချက်စက်ရုံ အမှတ်(၁)နေ ဦးမြသောင်း (လ/ထ ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေး)-ဒေါ်တင်တင်ဝင်းနှင့် သား မောင်ကျော်ထက်၊ မောင်ကျော်ထင်၊ ဖိုးလပြည့်၊ သမီး မသိမ့်သိမ့်သောင်း မိသားစုက အလှူငွေ အမေရိကန် ဒေါ်လာ ၁၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူ လမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ)အရှင်စန္ဒန(မွှာစရိယ)ထံ ပေးအပ် လှူဒါန်းစဉ်။** (က-ပ)

# မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးမှူး စေတနာ့ညကျောင်းဖွင့်ပွဲနှင့် စာရေးကိရိယာ ပေးအပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ စေတနာ့ညကျောင်း ဖွင့်ပွဲနှင့် ကျောင်းသုံးစာရေးကိရိယာ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ်၁၁ရက်က သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

## အမှာစကားပြောကြား

စေတနာ့ညကျောင်းဖွင့်ပွဲတွင် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ စေတနာ့ညကျောင်းကြီးကြပ်ရေးအဖွဲ့မှ မြို့နယ်ပညာ ရေးမှူး (ငြိမ်း)ဦးခင်မောင်ဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းတို့က အမှာစကားပြောကြားသည်။

## ထောက်ပံ့လှူဒါန်း

ဆက်လက်၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် စေတနာ့ညကျောင်းသို့ တက်ရောက်ကြသော တက္ကသိုလ်ဝင် တန်းကျောင်းသားကျောင်းသူ၂၂ဦးနှင့် နဝမတန်းကျောင်းသား ကျောင်းသူ၁၇ဦး စုစုပေါင်း ၃၉ဦးတို့အား မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ကျောင်းသုံးစာရေးကိရိယာများ၊ ဗလာစာအုပ်များ၊ စာရေး ကိရိယာများ လှူဒါန်းသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



# ပြည်ပပို့ ရေထွက်ကုန်ပစ္စည်းများနှင့် ဆိပ်ခံတံတားများ အဆင့်မြှင့်တင်ရေး ပညာပေးလုပ်ငန်းခွင် ရက်တိုသင်တန်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီး ဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ မြန်မာ မန်းအုပ်စု အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်နှင့် စံပြရွှေငါးကုမ္ပဏီ တို့ ပူးပေါင်းဖွင့်လှစ်သည့် ပြည်ပပို့ ရေထွက်ကုန်ပစ္စည်းများနှင့် ဆိပ်ခံ




တံတားများ အဆင့်မြှင့်တင်ရေး ပညာ ပေးလုပ်ငန်းခွင် ရက်တိုသင်တန်း သင်တန်းဆင်းပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကြည့်မြင် တိုင်မြို့နယ် ကမ်းနားလမ်းအမှတ်(၆) ဆိပ်ခံတံတားရှိ မြန်မာမန်းအုပ်စု အထွေ ထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ရေ လုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင် အေးက သင်တန်းဆင်း အမှာစကား ပြောကြားပြီး မြန်မာမန်း ကုမ္ပဏီ လီမိတက် စီမံအကြံပေးအရာရှိ ဦးဝမ်း မောင်က ကျေးဇူးတင်စကားပြောကြား သည်။

ယင်းနောက် မြန်မာမန်းအုပ်စု အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိ တက်အုပ်ချုပ်မှုဒါရိုက်တာ(၂) ဦးသန့် ဇင်နှင့် စံပြရွှေငါးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မျိုးသန့် တို့က ငါးလုပ်ငန်းအတတ်သင် သိပ္ပံ ကျောင်းအတွက်လှူဒါန်း ငွေကျပ် နှစ်သိန်းကို ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန် ကြားရေးမှူးချုပ် ဦးခင်ကိုလေးတို့ထံ ပေးအပ်လှူဒါန်းကြသည်။**(အောက်ဝဲပုံ)**

ငါးတင်ငါးချ ဆိပ်ကမ်းများ၊ ငါးဖမ်းသင်္ဘောများ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ငါးပုစွန် ရေထွက်ကုန် ပစ္စည်းများ ထုတ်လုပ် နိုင်ရေး၊ နိုင်ငံခြားငွေပြည့်ဝစွာ ရရှိရေး အတွက် အရည်အသွေးမီ ငါးပုစွန် များ ဖမ်းဆီးမွေးမြူသည်မှ စားသုံး သူလက်သို့ အန္တရာယ် ကင်းရှင်းစွာ ရောက်ရှိသည်အထိ ဆောင်ရွက်သွား နိုင်ရန် ရည်ရွယ်ချက်များဖြင့် မြန်မာ မန်းအုပ်စု အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်နှင့် စံပြရွှေငါး ကုမ္ပဏီမှ ဝန်ထမ်းများ၊ ငါးဖမ်းစက် လှေများမှ ပဲ့နင်းများနှင့် လှေသား များအပါအဝင် သင်တန်းသား သင်တန်းသူ ၁၁၄ ဦးတို့အား ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ ငါးလုပ်ငန်း အတတ်သင် သိပ္ပံကျောင်းမှ သင်တန်း နည်းပြများက ဤရက်တိုသင်တန်း ကို ပို့ချပေးခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

■ ကျောဖုံးမှ

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ဆရာတော်များနှင့် ဘုန်းတော်ကြီးစာသင်တိုက်သုံးတိုက်မှ ပဓာန နာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒဂုံမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### ဆန်၊ ဆီ ဆက်ကပ်လှူဒါန်း

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစု ကိုယ်စား တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်စီးပွားရေးဦးပိုင်လီမိတက်၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့်ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေး ပညာဦးစီးဌာနမိသားစု၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မွန်ရတနာမိသားစု၊ International Hotel၊ ဒဂုံဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး၊ စန္ဒီပရဆေးမိသားစု၊အိုကေဆန်ရောင်းဝယ်ရေး၊ အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ ရွှေကျင်ဆေးတိုက်၊ ဘုရားကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မုန်ချိုဆေးတိုက်၊ ဒဂုံအမက(၂)၊ ဒေါ်ဖြူဖြူလွင် (ဦးဝိစာရ)၊ ထွန်းရွှေဝါ ဆေးတိုက်၊ မုန်ချိုတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် ကျော်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

### ဆွမ်းပဒေသာပင်

ဆက်လက်၍ ဆွမ်းပဒေသာပင်အတွက် တပ်မတော် (ကြည်း၊ရေ၊ လေ)မိသားစုက ငွေကျပ် ၃၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ဦးစိုင်းမောင်မောင်မြင့် (ဥက္ကဋ္ဌ Sky Lion TradingCo.,Ltd.)ကငွေကျပ်၁၀သိန်း၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင်မိသားစုက ငွေကျပ်ရှစ်သိန်း၊ ဦးကျော်စိန် (MD, Jewellery Luck Co.,Ltd.)က ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုက ငွေကျပ် ၃၀၇၀၀၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသီဂီဒေါ်စန်းစန်းဝင်း(မြန်မာပြည်သားဟော့ KNကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးရဲအောင်-ဒေါ်လှဲလှဲဝင်း(သီရိကုဋေကြွယ်ကုမ္ပဏီ) ကငွေကျပ် ၂၀၆၀၀၀၊ ဒေါ်မေသန်းနွယ် (သီဂီရွှေရည်ဓာတ်ပုံတိုက်)နှင့် Park Royal မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါ်နန်းသန်းအေး (Empress Myanmar Media Advertising Co.,Ltd.)က ငွေကျပ် ၁၀၈၀၀၀၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီလီမိတက်)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (BTB)ကုမ္ပဏီနှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးတင်အောင်- သီရိသုဓမ္မသီဂီဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)က ငွေကျပ် ၁၅၀၀၀၀ စီ၊ သီဟသုဓမ္မသီဂီဒေါ်မြသန်း(သား)ဦးရန်ရှင်း(United Winner International Co.,Ltd.) က ငွေကျပ် ၁၂၀၀၀၀၊ ဒေါ်သန်းနု (အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာငယ်/ရွယ်အဖွဲ့ခွဲတာဝန်ခံ)က ငွေကျပ် ၁၁၀၀၀၀၊ ဦးစိုးလှိုင် (ပြည့်ဝဆောက်လုပ်ရေး)၊ ဦးသိန်းလွင် (MD, Great Target Industries Co., Ltd.)၊ အဂ္ဂမဟာ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ ဒေါ်လှလှ(လမ်းမတော်သန့်ရှင်းရေး)၊ ဦးအောင်မွန်-ဒေါ်လှလှမော် (မြင့်မြတ်စပါးထုတ်လုပ်ရေး)၊ ဦးမောင်မောင် (နဝဒေးလမ်း၊ ဒဂုံ)၊ ဒေါက်တာဝင်းကျော်(မြင့်မြတ်ကျော် သွားအထူးကုဆေးခန်း)၊ ဦးကြူးခင် (မိုးသယ်ယူပို့ဆောင်ရေး)နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက စုစုပေါင်း အလှူငွေ ကျပ် ၅၇၇၃၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြပြီးဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

### ရှင်းလင်းလျှောက်ထား

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဘုန်းတော်ကြီး စာသင်တိုက်များသို့ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒဂုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၆၁ အိတ်၊ ၁၅ ပြည်၊ ဆီ ၁၁၈ ပိဿာ၊ ပဲ ၃၉ ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၉၇ ပိဿာ၊ သွားတိုက်ဆားဘူး ၄၀၊ တိုင်းရင်းဆေးမျိုးစုံ ၂၈၁၂ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၅၇၇၃၀၀၀ဖြစ်သည်။

### ရန်ကင်းမြို့နယ်

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ကိုးတိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မဟာဗောဓိပရိယတ္တိစာသင်တိုက် မဟာဗောဓိမြတ်စွာဘုရား ရွှေကျောင်းတော်၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

### သီလခံယူဆောက်တည်

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခမ္မိကာရာမ(ကျိုက်ပိ)ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏာသနထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျိုက်ပိဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဂုဏာသနအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြပြီး ဆက်လက်၍ သီလရှင်ဆရာကြီးများအား ဆက်ကပ်လှူဒါန်းသည်။

### လှူဖွယ်ပစ္စည်းများဆက်ကပ်

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်း ဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ရန်ကင်းမြို့နယ် စေတနာရှင်ပြည်သူများ၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ (ဦးသိန်းမောင်)- ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)၊ ဦးစိုးထွန်းရှိန်-ဒေါ်ခရေနွယ် (အာရှကြီးပွားတိုးတက်ရေးကုမ္ပဏီ လီမိတက်)နှင့် ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်) တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

### အလှူငွေများလက်ခံ

ထို့နောက်ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သိန်းစီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ် ထုတ်လုပ်သူများက ငွေကျပ်လေးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု)က ငွေကျပ် ၃၇၀၀၀၀၊ ဦးမျိုးမင်းစိုး – ဒေါ်အိကေသွယ်မင်း (ပုဇွန်တောင်မြို့နယ်)နှင့် ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး(ကျားကိုးကောင်)တို့က ငွေကျပ်သုံးသိန်းစီ၊သီရိသုဓမ္မမဏိဇောတဓရဦးတင်ဝင်း-သီရိသုဓမ္မသီဂီ ဒေါ်စန်းဝင်း(မြန်မာပြည်သားဟော့KNကုမ္ပဏီ)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်) နှင့် သီရိသုဓမ္မသီဂီ ဒေါ်ခင်နန်းမွန်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (BTB ကုမ္ပဏီ)၊ ဦးအောင်ဆန်း (စင်ကာဆောက်လုပ်ရေး)နှင့် သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်အောင်-သီရိသုဓမ္မသီဂီ ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသွားလုပ်ငန်း)တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဒေါ်လှလှ(လမ်းမတော်)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အဂ္ဂမဟာ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်-အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်ကြည်ကြည်ဆွေ(သမ္မတသင်္ကန်းတိုက်)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း-ဒေါ်နန္ဒာအောင် (ဗိုလ်တထောင်)၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဝင်းဇော်၊ မဟာသဒ္ဓမ္မမဏိဇောတဓရဦးကျော်ခင်မြင့်-ဒေါ်ခင်ခင်စိန်၊ သုဓမ္မသီဂီဒေါ်နုနုငယ်(နုငယ်ဆောက်လုပ်ရေး)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးအေးလွင်-သီရိသုဓမ္မသီဂီ ဒေါ်ခင်ခင်လေး(ရွှေပြည်စံကုမ္ပဏီလီမိတက်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ ဦးအောင်ခင်-ဒေါ်စိန်စိန်(အောင်သံဆန်ခါလုပ်ငန်း)၊ ဦးသန့်ဇင်ဝင်း-ဒေါ်သစ်သစ်(Real Triangle Co.,Ltd.)၊ကံဘဲ့ဘူတာဈေး ဈေးသာယာရေးအဖွဲ့နှင့် ဦးသန်းဇော်-ဒေါ်ရီရီဝင်း (ရွှေယာမြေသစ်စေ့ရောင်းဝယ်ရေး)တို့က တစ်သိန်းစီအပါအဝင် အလှူရှင်များက ဆွမ်းပဒေသာပင်အတွက် စုစုပေါင်းငွေကျပ် ၄၃၂၇၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြဝင်းက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

### ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၃၀၅အိတ်၊ ဆီ ၉၁၂ပိဿာ၊ ပဲ ၃၀၄ ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ပိဿာ၁၅၂၀၊ သွားတိုက်ဆေး ၃၀၄ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၀၄၈ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၄၃၂၇၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**



# ဘွဲ့တံဆိပ်တော်ရ ဒေါက်တာဗုဒ္ဓပီယဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၀၇ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ဆက်ကပ်ခဲ့သော အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ သိဒ္ဓတ္ထဝိဟာရကျောင်းဆရာတော် ဒေါက်တာ ဗုဒ္ဓပီယမဟာထေရ်မြတ်အား ရန်ကုန်မြို့ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက် ဂေါပကအဖွဲ့မှ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဩဂုတ်၁၈ရက် နံနက် ၉နာရီက တာမွေအလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပရာ ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအရိယဝံသ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်မြတ်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ နာယကများ၊ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုဌာနချုပ်မှ ဒေသရေးရာညှိနှိုင်းရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ နယ်စပ်ဒေသနှင့် ရခိုင်မြောက်ဦးတို့တွင် ပြုပြင်ခဲ့သော ဘုရား၊ ကျောင်းအလှူရှင်များ၊ ရုပ်ရှင်အနုပညာရှင်များ၊ တပည့်ဒါယကာ ဒါယိကာမများ စုံညီစွာ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

### ပေးအပ်ချီးမြှင့်

အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သာကေတမြို့နယ် အလုပ်အမှုဆောင် ဦးကျော်စွာဝင်းက မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်ကြားပြီး ကြွရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ကာ မင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏမဉ္ဇူထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်မြတ်တို့ထံမှ မေတ္တာသုတ်နာယူကြသည်။ ထို့နောက် အလိုတော်ပြည့်ကျောင်းတိုက် ဂေါပကအဖွဲ့က ရွှေစင်နှစ်ကျပ်သား ရွှေတံဆိပ်ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လှူဖွယ်ဝတ္ထုများကို သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ သိဒ္ဓတ္ထဝိဟာရကျောင်းဆရာတော် ဒေါက်တာဗုဒ္ဓပီယအား ဆက်ကပ်ကြပြီး ဒေါက်တာဗုဒ္ဓပီယက အလိုတော်ပြည့်ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေကြသော တပည့်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များကို ပြန်လည်ချီးမြှင့်ပေးအပ်သည်။

### လျှောက်ထားဖတ်ကြား

ဆက်လက်၍ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဗုဒ္ဓပီယမဟာထေရ်က ဝမ်းမြောက်ကြောင်း စကားမြွက်ကြားပြီး အဂ္ဂမဟာပဏ္ဍိတ အလိုတော်ပြည့်ဆရာတော်၏ သမ္ဘောဒနီယ ဩဝါဒကထာကို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဝင် ဒုတိယပါမောက္ခချုပ် (ငြိမ်း) ဦးတင်လတ်က မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖတ်ကြားပြီး အရှင်ဉာဏမဉ္ဇူ (M.A ဗာရာဏသီမြို့)က ဟန္ဒီဘာသာတို့ဖြင့်ဖတ်ကြား၍ ဒေါက်တာဗုဒ္ဓပီယ၏ထေရုပ္ပတ္တိကထာကို ဖတ်ကြားသည်။ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွေးက ဂုဏ်ပြုလျှောက်ထားလွှာကိုဖတ်ကြား၍ အလိုတော်ပြည့်ဆရာတော်၏ တပည့်ဒါယကာဒါယိကာမများ၏ ဝမ်းမြောက်ဂုဏ်ပြုလျှောက်လွှာကို မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးရဲဝင်းအောင်နှင့် ကချင်ပြည်နယ်မှ ဦးကျော်သီဟတို့က မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖတ်ကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

20-8 (08) 1 8/20/07, 2:13 AM

# ပီရူးငလျင်ဒဏ် ကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေး နိုင်ငံတကာမှ ဒေါ်လာသန်း ၄၀ ထည့်ဝင်လှူဒါန်း

လီမာ ဩဂုတ် ၁၉

**ပီရူးနိုင်ငံတွင် ဩဂုတ် ၁၅ ရက်က အင်အားပြင်း ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတကာမှ ထည့်ဝင်လှူဒါန်းငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ ပီရူးနိုင်ငံမှ လက်ခံရရှိခဲ့ကြောင်း ပီရူးအမျိုးသားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(အေပီစီအိုင်)က ဩဂုတ် ၁၇ ရက်၌ ပြောကြားသည်။**

အဆိုပါ ထောက်ပံ့ငွေများတွင် ပြည်သူများအတွက် အစားအစာများ၊ ဆေးဝါးများ၊ ယာယီတဲများအပါအဝင် ကုလသမဂ္ဂမှ အမေရိကန်ဒေါ်လာသန်း ၃၀ထည့်ဝင်လှူဒါန်းမှုများ ပါဝင်သည်။

အဆိုပါ ငွေများကို ငလျင်ဒဏ် အဓိကခံစားရသည့်ဒေသများ ပြန်လည်ပြုပြင်တည်ဆောက်ရေးများတွင် အကုန်အကျခံ သုံးစွဲသွားမည်ဖြစ်ကြောင်း အေပီစီအိုင် အုပ်ချုပ်မှုဒါရိုက်တာ အဂုတန် ဟာရေးလာတိုရီကပြောကြားသည်။

ပီရူးနိုင်ငံတောင်ပိုင်းကမ်းရိုးတမ်းဒေသတွင် ဩဂုတ်၁၅ ရက်က အင်အား ၇ဒသမ ၉အဆင့်ရှိ ငလျင်လှုပ်မှုကြောင့် အနည်းဆုံး ပြည်သူ ၅၁၀ကျော် သေဆုံးခဲ့ကာ ၁၆၀၀ကျော် ဒဏ်ရာရရှိခဲ့ပြီး မိသားစု ၁၆၆၀၀ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

## ကူညီထောက်ပံ့

ပီရူးနိုင်ငံအတွင်း ငလျင်ဒဏ်ခံစားခဲ့ရသူများအတွက် ဥရောပနိုင်ငံများ၊ တရုတ်၊ ချီလီ၊ စပိန်၊ အာဂျင်တီးနား၊ အီကွေဒေါနိုင်ငံများမှ အရေးပေါ် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



**ပီရူးနိုင်ငံ၌ ငလျင်ဒဏ် ခံစားရသည့် ပြည်သူများအတွက် သောက်ရေသန့်ဘူးများပေးဝေရာ၌ ကလေးငယ်များက ကူညီဆောင်ရွက် ပေးနေသည်ကို ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ရှန်ယန်မြို့ရှိ ထရပ်ကားထုတ်လုပ်သည့် လုပ်ငန်းခွင်တစ်နေရာကို ဩဂုတ်၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# တရုတ်နိုင်ငံလုပ် မော်တော်ကားများ ကမ္ဘာ့ဈေးကွက်၌ ဒုတိယနေရာ ယူလာ

ပေကျင်း ဩဂုတ် ၁၉

**၂၀၀၆ခုနှစ်က မော်တော်ကားထုတ်လုပ်ရောင်းချမှု၌ ဂျပန်နိုင်ငံကို တရုတ်နိုင်ငံက ကျော်တက်သွားခဲ့ပြီး တရုတ်နိုင်ငံမှထုတ်လုပ်သည့် မော်တော်ကားများမှာ ကမ္ဘာ့ဈေးကွက်၌ ဒုတိယနေရာ ယူလာခဲ့သည်။**

ယခုနှစ် ပထမခုနစ်လအတွင်းတွင်လည်း တရုတ်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်ရောင်းချမှုမှာ ၂၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရုတ်မော်တော်ကားထုတ်လုပ်မှု အဖွဲ့အစည်း (စီအေအေအမ်)၏ စာရင်းအင်းများကိုကိုးကား၍ ဆင်ဟွာသတင်း၌ ဖော်ပြသည်။

## ရောင်းချနိုင်

မော်တော်ကားထုတ်လုပ်ရောင်းချမှုမှာ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း မော်တော်ကား ၅ ဒသမ၁၁ သန်း ထုတ်လုပ်ရောင်းချနိုင်ခဲ့ပြီး ၂၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ၂၀၀၇ခုနှစ် တစ်နှစ်ပတ်လုံး မော်တော်ကားစီးရေ ၈ ဒသမ ၅သန်း ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်မြောက်ဘက် ကင်းစခန်း၌ သေဆုံး

**ဘဂ္ဂဒက် ဩဂုတ် ၁၉**

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အမေရိကန်ကင်းစခန်းတစ်ခုကို စစ်သွေးကြွများက စက်သေနတ်များ၊ ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီးနောက် သေနတ်သမားများကို အမေရိကန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၁၇ ရက်တွင် ကြေညာသည်။

## ဒုံးကျည်ဖြင့်ပစ်

အဆောက်အအုံမှထွက်ရန် အမိန့်ပေးပြီးနောက် တာမီယာမြို့ အဆောက်အအုံခေါင်မိုးပေါ်ရှိ သေနတ်သမားနှစ်ဦးကို ဩဂုတ် ၁၆ရက်တွင် အမေရိကန်လေယာဉ်တစ်စင်းက ဟဲလ်ဖားယားဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

အဆောက်အအုံမှာ အနည်းငယ်သာပျက်စီးသွားပြီး အတွင်းမှ လူ၂၀ကို ဖမ်းဆီးလိုက်သည်ဟု ထိုဒေသရှိ အမေရိကန်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး မိုက်ဂါဆီယာက ပြောကြားသည်။ ထိုနေရာ၌ ခိုလှုံနေသည့် သေနတ်သမားများ၏ တိုက်ခိုက်မှုကို မေလကတည်းက အကြိမ်ကြိမ်ခံခဲ့ရသည်ဟုဆိုသည်။

**အမ်အင်န်အေ၊ရိုက်တာ**




# အီရန်၌ ဘယ်လ်ဂျီယံခရီးသွားနှစ်ဦး ပျောက်ဆုံး

တီဟီရန် ဩဂုတ် ၁၉

**အီရန်နိုင်ငံ အရှေ့တောင်ပိုင်း ဘမ်မြို့အနီး ရှေးဟောင်းနယ်မြေအရပ်သို့ အလည်အပတ်ထွက်နေသော ဘယ်လ်ဂျီယံနိုင်ငံသားနှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း အီရန်သတင်းဌာန အိုင်အာအင်န်အေက ဩဂုတ်၁၁ရက်၌သတင်းထုတ်ပြန်သည်။**

အဆိုပါ ဘယ်လ်ဂျီယံနိုင်ငံသားနှစ်ဦးမှာ လက်ထပ်ပြီးစ ဇနီးမောင်နှံတို့ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဘမ်မြို့အရှေ့ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ ဖာရက်ခရိုင်တွင်မော်တော်ယာဉ်တစ်စီးဖြင့် သွားလာနေစဉ် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ အဆိုပါအရပ်သည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်နှင့် နီးရာဒေသဖြစ်ပြီး ဓားစာခံဖမ်းဆီးမှုနှင့် ပြန်ပေးဆွဲမှုများ မကြာခဏဖြစ်ပေါ်သည့် အရပ်လည်းဖြစ်သည်။

**(အင်တာနက်)**

**အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကားတစ်စီး အရှိန်လွန်ကာ ရေနုတ်မြောင်းအတွင်းသို့ ထိုးကျသွားသည်ကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ထိုင်းနိုင်ငံတောင်ပိုင်းမှ စစ်သွေးကြွတစ်ဦးဖမ်းမိ

**ဗန်ကောက် ဩဂုတ် ၁၉**

အင်အား ၅၀၀ရှိ ထိုင်းအစိုးရ တပ်ဖွဲ့ဝင်များက ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်ရှိ ထိပ်တန်းစစ်သွေးကြွတစ်ဦး၏ နေအိမ်ကို ဩဂုတ်၁၃ရက်က ဝင်ရောက်စီးနင်းပြီး စစ်သွေးကြွတစ်ဦးအား ဖမ်းဆီးလိုက်သည်။ ထို့ပြင် သေနတ်အချို့နှင့် ခဲယမ်းမီးကျောက်များကို သိမ်းဆည်းရမိခဲ့သည်။

## ဝင်ရောက်ဖမ်းဆီး

စစ်သွေးကြွခေါင်းဆောင်တစ်ဦးဖြစ်သူဟု အာဏာပိုင်များက ယူဆသည့် အဆိုပါစစ်သွေးကြွခေါင်းဆောင်နေထိုင်ရာ ပတ္တနီပြည်နယ် မာယိုခရိုင်မှ ကျေးရွာနေအိမ်ကို ဩဂုတ်၁၃ရက် မွန်းမတည့်မီတွင် ဝိုင်းထားပြီးမှ ဝင်ရောက်ဖမ်းဆီးခြင်းဖြစ်သည်။ ထိုအိမ်မှ သေနတ်ရှစ်လက်၊ ခဲယမ်းများ၊ လျှပ်စစ်ဝိုင်ယာနှင့် သံပိုက်လုံးတို့ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ဆွစ်ဇာလန်၌ ဘိန်းဖြူကီလို ၁၅၀ဖမ်းမိ

**ဂျီနီဗာ ဩဂုတ် ၁၉**

ဆွစ်ဇာလန် နယ်စပ်မြို့ဖြစ်သော စတရက်ဂယ်လန်မြို့၌ အမေရိကန်ဒေါ်လာ ၃၃သန်း တန်ဖိုးရှိ ဘိန်းဖြူကီလို ၁၅၀ ဖမ်းမိခဲ့ကြောင်း ဆွစ်ဇာလန်နယ်ခြားစောင့် ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

## ရှာဖွေတွေ့ရှိ

ဆွစ်ဇာလန်နိုင်ငံအတွင်းဝင်ရောက်လာသောယာဉ်များအား ပုံမှန်စစ်ဆေးမှုများပြုလုပ်စဉ်တူရကီထရပ်ကားတစ်စီးပေါ်မှ ဘိန်းဖြူထည့်သွင်းယူဆောင်လာသော အိတ်၃၀ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

## အများဆုံး

ယခုဖမ်းဆီးရမိမှုမှာ ဆွစ်ဇာလန်နိုင်ငံအတွင်း ဘိန်းဖြူဖမ်းဆီးမှုများအနက် အများဆုံးဖြစ်ကြောင်း၊ တူရကီယာဉ်မောင်းနှစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေး ကြိုးပမ်း သင်ကြားမှု အထောက်အကူပြုပစ္စည်းများ ကြိုတင်ဆောင်ရွက်ထား

နေပြည်တော် ဩဂုတ် ၁၉

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ စက်မှုသင်တန်းကျောင်း(မန္တလေး) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိစစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ခေတ္တကျောင်းအုပ်ကြီး ဦးကျော်စွာသိမ်းနှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဝင်းတို့က စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ သင်ကြားမှု အထောက်အကူပြုပစ္စည်းများနှင့် ပရိဘောဂများအား ကြိုတင်ဆောင်ရွက်ထားရှိရန် အသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းကျောင်းပင်မ အဆောက်အအုံအတွင်းရှိ စာသင်ခန်းမများ၊ ကွန်ပျူတာခန်းနှင့် Training Workshop များ၌ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ ဓာတ်အားခွဲရုံ၌ Control Panelများ တပ်ဆင်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ် (မန္တလေးဘဏ်ခွဲ)သို့ ကြည့်ရှုစစ်ဆေးသည်။

**မှာကြားဖြည့်ဆည်းပေး**

ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၃ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ပခုက္ကူစက်မှုနယ်မြေတွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (စီမံကိန်း)သို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း အလုပ်ရုံ အဆောက်အအုံများ ဆောက်လုပ်နေမှု၊ မြေပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်ရုံအဝင်လမ်းများ ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးကလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဦးညွန့်စိန်-ဒေါ်ကျင်လွမ်၊ သား ဦးအောင်ဝင်းတို့အား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဂန္ဓမာလမ်း အမှတ် ၂၀နေ သားသမီး၊မြေးများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းကို ဝိနယကောဝိဒ ဆရာတော် ဘဒ္ဒန္တ အရိယဓမ္မထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# မန္တလေးနှင့် မကွေးတိုင်းရှိ ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ် ၁၂ရက် မွန်းလွဲပိုင်းက ပခုက္ကူမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပခုက္ကူ စာတိုက်သို့ရောက်ရှိပြီး စာတိုက်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးသည် ပခုက္ကူမြို့ မိုက္ကရိုဝေ့ဖ်စခန်းနှင့် Mobile ဆက်သွယ်ရေးစနစ် တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး**(ဝဲပုံ) **လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

**တွေ့ဆုံ**

ထို့နောက် ဝန်ကြီးသည် ပခုက္ကူမြို့ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီးခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကော်မတီဝင်များနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ဩဂုတ် ၁၄ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ ဒီဂျစ်တယ်အော်တို အိတ်ချိန်းသို့ ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အိတ်ချိန်း တာဝန်ခံတို့က ဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ညောင်ဦးမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စာတိုက်ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ချောက်မြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး အိတ်ချိန်းတွင် ဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးလုပ်ငန်းများနှင့် စက်များတပ်ဆင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များဖြည့်ဆည်းပေး**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် အိတ်ချိန်းတာဝန်ခံတို့က အိတ်ချိန်း၌ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရောဝတီတိုင်းဓမ္မာရုံ၌ ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၁၉

ရောဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရောဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်)တို့ စုပေါင်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အမှူးပြုသော သံဃာတော်ကိုးပါးတို့အား အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၆ရက် နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် (၂၁/၄၃စီ)ကြားတောရလမ်းရှိရောဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ရောဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက် ကြည်ညိုနိုင်ကြရန်နှင့်သင်္ကန်း၊ ဆွမ်းနှင့်လှူဖွယ်ဝတ္ထုများ ပါဝင်လှူဒါန်းလိုပါက အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၃၇၀၅၇၉၊ ၃၈၁၃၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး တာမွေမြို့နယ်တွင် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၉

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအဖြစ် A bateဆေးခတ် ဆောင်ရွက်မှုလုပ်ငန်းများကို ဩဂုတ် ၁၅ ရက်က အဖွဲ့များခွဲ၍ ကျောက်မြောင်းကြီးရပ်ကွက်၊ မအူကုန်းရပ်ကွက်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဗျိုင်းရေအိုးစင်ကွက်သစ်များတွင် ဆောင်ရွက်ကြသည်။

ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်း ကျန်းမာရေးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဒေါ်စန္ဒာ၊ ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးဌာနမှူး ဒေါက်တာ ဒေါ်သန်းသန်းလွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဒေါ်လှဲ့လှဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် သက်ဆိုင်ရာရပ်ကွက် ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးနှင့် အမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ A bate ဆေးခတ်ခြင်း လုပ်ငန်းများ တစ်အိမ်တက်ဆင်း ဆောင်ရွက်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

အဆိုပါ A bate ဆေးများကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ ကူညီပံ့ပိုးပေးခြင်းဖြစ်ပြီး တာမွေမြို့နယ်အတွင်း အိမ်ထောင်စုပေါင်း ၁၀၁၁ အား ဆေး ၂၇ ဒသမ ၅ ကီလိုဂရမ် ဆေးခတ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(က-ပ)**





# မရမ်းကုန်းသမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း ဆောက်လုပ်ရန်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း (၃)ရပ်ကွက် ဣန္ဒာသယ (၁)လမ်း အမှတ် (၉၀)နေ ဦးမြင့်ဦး-ဒေါ်ခင်နှင်းဝေ မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်၊ ဦးထွန်းနှင့်ဦးဟံညွန့်တို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**

**ဆက်သွယ်လှူဒါန်းနိုင်**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့်စေတီတော်ဂေါပက အဖွဲ့ရုံး ဖုန်း-၆၆၀၀၀၆ နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာ့ရိုးရာ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲတွင် လုံးချောကို အတန်းတက်စိန်ခေါ် ယှဉ်ပြိုင်မည့် ချာန်ထူးပါဝင်သော တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့

**သတင်းမြင်ကွင်း - ဇင်လင်းထွန်း(ဓနုဖြူ)**

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူး၍ ကယ်လ်ဆမ်ကွေကာ (MDG) ကုမ္ပဏီ၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး (၂၀၀၇)ကို ဩဂုတ်၂၅ ရက်နှင့်၂၆ရက်မွန်းလွဲ ၂နာရီမှစ၍ စတင်ယှဉ်ပြိုင်ပေတော့မည်။

အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ၌ ကျင်းပမည့် ပြိုင်ပွဲတွင် လိုက်ဖလိုင်းဝိတ်တန်းမှသည် မစ်ဒယ်ဝိတ်တန်းအထိ ကိုယ်အလေးချိန်အလိုက် အတန်းကိုးတန်းသတ်မှတ်ယှဉ်ပြိုင်မည့်အပြင် အလွတ်တန်းချန်ပီယံခါးပတ်လုပွဲပါ ပါဝင်မည်ဖြစ်သည်။

### စိန်ခေါ်

အလွတ်တန်းတွင် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်ပြိုင်ပွဲ၌ ရွှေဝါထွန်းအား အမှတ်ဖြင့် အနိုင်ရရှိကာ ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့သူ လုံးချောအား ၎င်းပြိုင်ပွဲ၌ပင် လိုက်မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့သူ ချာန်ထူး(တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့)က အတန်းတက် စိန်ခေါ်ယှဉ်ပြိုင်မည်ဖြစ်သည်။ ချာန်ထူးသည် ပြီးခဲ့သည့် မေလ အနောင်းပိုင်းက မျှော်စင်ကျွန်းတွင် လုံးချောအား စိန်ခေါ်ထိုးသတ်ခဲ့ရာ ငါးချီပြည့်ရင်ဆိုင်၍ သရေပွဲရယူခဲ့ခြင်းဖြစ်သည်။

### လေ့လာ

သို့ဖြစ်၍ ချာန်ထူးကိုယ်စားပြုယှဉ်ပြိုင်မည့် တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့၏ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ(၂၀၀၇)သို့ဝင်ရောက်ယှဉ်ပြိုင်မည့် အနေအထားကို ကရင်ပြည်နယ် ဘားအံမြို့သို့ သွားရောက်လေ့လာခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။



သဲသဲမဲမဲ ထိုးသတ်ရန် ပြင်ဆင်နေသည့် မိုက်ခဲ။

### ကျော်ကြားခဲ့

တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ရတနာဒီပလမ်း၌ တည်ရှိပြီး တောင်ကလေးဆရာတော် ဦးပညာသာမိ၏ မေတ္တာရိပ်၌ ခိုလှုံနေသောအဖွဲ့ဖြစ်သည်။ နည်းပြဆရာအဖြစ်တစ်ချိန်က ရိုးရာလက်ဝှေ့လောကတွင် ဒူးပုံစောရီလေးဟု ကျော်ကြားခဲ့သူ ဆရာစောရီလေးက ဆောင်ရွက်ပြီး အဒဲ(ခ) စောမိုက်ကယ်က လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်သည်။ ယခုပြိုင်ပွဲကြီးအတွက် လေ့ကျင့်မှုအားဖြည့်ရာ၌ ဘားအံကျော်စိုး(ယခင် ကျွဲမင်း)ပါနည်းပြတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

### နည်းဗျူဟာ

အထူးသဖြင့် ချာန်ထူးအား ပဲ့ကိုင်၍ အပြင်းအထန်လေ့ကျင့်ပေးနေသော ကိုကျော်စိုးမှာ ချာန်ထူး၏ ပြင်းထန်သော ခြေကန်ချက်၊ ဒူးတိုက်ချက်နှင့် လက်သီးစုံထိုးနှက်ချက်များကို ထိရောက်မှုရှိစေရန် မနားတမ်းမောင်းနေသဖြင့် ချွေးအရွှဲသား ဖြစ်နေသည်။ ချာန်ထူးသည် မျှော်စင်ကျွန်း စိန်ခေါ်ပွဲတွင် သရေပွဲရယူနိုင်ခဲ့သော်လည်း ယခုပြိုင်ပွဲကြီးက ထိချက်ပေါ်မူတည်၍ အမှတ်ပေးကာ အရှုံးအနိုင်ဆုံးဖြတ်မည်ဖြစ်သောကြောင့် အလဲထိုးမခံရရုံမျှဖြင့် သရေပွဲရမည်မဟုတ်ဘဲ ပြိုင်ဘက်ကို ထိချက်များအောင် စွမ်းဆောင်နိုင်မှသာ အနိုင်ရမည်မို့ မျှော်စင်ကျွန်းပွဲမှ အားနည်းချက်များကို ပြင်ဆင်သည့်အပြင် နည်းဗျူဟာအသစ်များ ချမှတ်လေ့ကျင့်နေသည်။



ခွဲနပဲဖြင့် အပြင်းအထန် လေ့ကျင့်နေသော ချာန်ထူး(တောင်ကလေး)။

ချာန်ထူးနှင့်အတူ တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့ကိုယ်စားပြု၍ မစ်ဒယ်ဝိတ်တန်း၌ ဇာနည်ဆင်ရိုင်း(ခ) စွမ်းပြည့်က ဝင်ရောက်ယှဉ်ပြိုင်ဖြစ်သည်။ ၎င်းသည် ၂၀၀၆ ပြိုင်ပွဲတွင် ဘီလပ်မြေစတားကို ရှုံးနိမ့်ကာ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသူဖြစ်ရာ ယခုပြိုင်ပွဲ၌ ထပ်မံအားခဲလာခြင်းဖြစ်သည်။

လိုက်မစ်ဒယ်ဝိတ်တန်း၌ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသော မြတ်လေးနွယ်က ၂၀၀၀ ပြည့်နှစ် ပြည်နယ်နှင့်တိုင်းမြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့ဖူးသူဖြစ်သည်။ ရန်ကုန်ပရိသတ် ဝါသနာရှင်များက ၎င်း၏ ထိုးလုံးသတ်ကွက်ကို မျှော်စင်ကျွန်းမှ စိန်ခေါ်သံလေးပွဲတွင် တွေ့ခဲ့ပြီးဖြစ်ရာ အထူးပြောစရာမလိုပေ။ ညာဖြောင့်တစ်လုံး အပိုင်သုံးတတ်သူဖြစ်သည်။

### မုန်တိုင်း

လိုက်ဝယ်လ်တာဝိတ်တန်းသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မုန်တိုင်းကလည်း နာမည်နှင့်လိုက်အောင်ပင် စိန်ခေါ်ပွဲများ၌ မုန်တိုင်းဆင်သကဲ့သို့ အဝင်ကြမ်းကြမ်းဖြင့် ပြိုင်ဘက်များကို ကြမ်းပြင်ပေါ် ပို့လေ့ရှိသူဖြစ်သည်။ ၎င်းယှဉ်ပြိုင်မည့် ဝိတ်တန်းကလည်း သူ့ထက်သူ လူစွမ်းကောင်းများ လုပေရာ မုန်တိုင်း၏အစွမ်းကို စောင့်ကြည့်ရပေမည်။

### မိုက်ခဲ

၂၀၀၆ခုနှစ် ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲတွင် ဒေါနပန်းကို အရှုံးပေးကာ ရွှေခါးပတ်စွန့်လွှတ်ခဲ့သူ မိုက်ခဲက ယခုပြိုင်ပွဲတွင် တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့ကို ကိုယ်စားပြု၍ ဖယ်သာဝိတ်တန်း၌ပင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဒေါနပန်းက ယခုပြိုင်ပွဲသို့ ဝင်ရောက်ရန် မသေချာတော့သဖြင့် ၂၀၀၆ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်ပြိုင်ပွဲ ဖယ်သာဝိတ်တန်း ရွှေတံဆိပ်ရှင် မိုက်ခဲအဖို့ ၂၀၀၇ ရွှေခါးပတ်ချန်ပီယံဖြစ်ရန် အလားအလာကောင်းလျက်ရှိသည်။

၎င်းတို့အပြင် တူးတူးက လိုက်ဝိတ်တန်း၊ ဝိုင်ဝိုင်းက ဘင်တန်ဝိတ်တန်း၊ ခိုင်လင်းက ဖလိုင်းဝိတ်တန်း၊ မင်းထက်ကျော်က လိုက်ဖလိုင်းဝိတ်တန်းတို့၌ တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့ကို ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ရွှေခါးပတ်ရရှိမှုနှင့် ဆုတံဆိပ် ဆွတ်ခူးရရှိမှုအပေါ် မူတည်၍ တံခွန်စိုက်ဆုဖလားကို ပိုင်ဆိုင်ရမည်ဖြစ်ရာ တောင်ကလေးရိုးရာလက်ဝှေ့အဖွဲ့သားများ အပြင်းအထန် လေ့ကျင့်နေကြသည်ကို ပြိုင်ပွဲအကြို သတင်းမြင်ကွင်းအဖြစ် တင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

# ချန်ပီယံမန်ယူတို့ ပထမဆုံး ရှုံးပွဲကြုံတွေ့ ချယ်လ်ဆီး၊ လီဗာပူးနှင့် အာဆင်နယ်တို့ တစ်မှတ်စီသာရရှိ

လန်ဒန် ဩဂုတ် ၁၉

**ပရီမီယာလိဂ် ပွဲစဉ်(၃) လက်ကျန်ပွဲများကို ဩဂုတ် ၁၉ရက်က ဆက်လက်ကစားခဲ့ရာ ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ယူတို့ မန်စီးတီးကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။**

အဝေးကွင်း၌ နိုင်ပွဲ ရရန်အတွက် မန်ယူသည် တိုက်စစ်တွင် တီဗက်ဇ်တစ်ဦးတည်း အထောင်ထားကာ ကွင်းလယ်မှ ပေါလ်စခိုး၊ နာနီ၊ အိုဝင်ဟားဂရေ့ဗ်၊ ဂစ်နှင့် မိုက်ကယ်ကာရစ်တို့ကို ထားရှိကစားစေခဲ့သည်။

ဖာဂူဆန်သည် ၄း၅း၁ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သလို အဲရစ်ဆင်ကလည်း မန်စီးတီးအား ၄း၅း၁ ဗျူဟာဖြင့် ရင်ဆိုင်ခဲ့သည်။ မန်စီးတီးက တိုက်စစ်တွင် ဘိုဂျင်နော့ဗ်ကို ထားပြီး ကွင်းလယ်၌ ပီထရော့ဗ်၊ ဂျွန်ဆင်၊ဟာမန်း၊ဂျီရိုဗာနီနှင့်အီလာနိုတို့ကို ထားရှိကစားခဲ့သည်။

### ပံ့ပိုးပေးခဲ့

မန်ယူတို့က ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးရရှိရေး အစွမ်းကုန်ကြိုးစားခဲ့သည်။ မန်ယူတိုက်စစ်အတွက် ရိုင်ယန်ဂစ်နှင့် ပေါလ်စခိုးတို့က ပံ့ပိုးပေးခဲ့သဖြင့် ဂိုးသွင်းခွင့် အခွင့်အရေး ၁၅ကြိမ်ခန့်ရရှိခဲ့သော်လည်း အဆုံးသတ်မပိုင်ခဲ့၍ ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူ၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို မန်စီးတီးတို့က ကွင်းလယ်မှပင် ဟန့်တားခဲ့သလို နောက်တန်းခံစစ်မှူးများဖြစ်သည့် ဂါရီဒို၊ ရစ်ချပ်၊ ဒွန်နေ၊ ကောလူကာတို့က သိပ်သည်းစွာ ခုခံခဲ့သဖြင့် မန်ယူတိုက်စစ် အရာမထင်ဖြစ်ခဲ့ရသည်။

### ဟန့်တားခဲ့

ကွင်းလယ်မှ တိုက်စစ်စတင်သော မန်စီးတီးသည် ပွဲချိန် ၃၁မိနစ်၌ ကွင်းလယ်ကစားသမား ဂျီရိုဗန်နီက အဝေးမှ လျှပ်တစ်ပြက် ကန်သွင်းခဲ့သဖြင့် ဂိုးရရှိသွားခဲ့သည်။ အဖွင့်ဂိုးအသွင်းခံရသဖြင့် မန်ယူတို့ ဖိကစားခဲ့ရာ တီဗက်ဇ်၏ထိုးဖောက်မှုများကို မန်စီးတီးနောက်တန်းခံစစ်မှူးရစ်ချက်ဆင်က ဟန့်တားနိုင်ခဲ့သလို ပေါလ်စခိုး၊ ရိုင်ယန်ဂစ်နှင့်နာနီတို့၏ တိုက်စစ်ဆင်မှုကို မန်စီးတီးကွင်းလယ်မှ အီလာနို၊ ဂျီရိုဗန်နီတို့နှင့် ဟာမန်းတို့က မန်စီးတီး ခံစစ်အထိ ဝိုင်းကူဟန့်တားခဲ့ကြသည်။

မန်ယူတို့ ဆက်တိုက်ဖိကစားနေရာမှ မန်စီးတီးတို့က တန်ပြန်တိုက်စစ်မှတစ်ဆင့် ကွင်းလယ်ကစားသမား အီလာနိုက ကိုက်၃၀ အကွာမှ ကန်သွင်းရာ ဂိုးဘားပေါ်ကပ်ကျော်သွားသဖြင့် မန်ယူတို့ သက်သာရာရရှိခဲ့ခြင်းဖြစ်သည်။

### ဆုံးရှုံးခဲ့

မန်ယူတိုက်စစ်တွင် ရိုင်ယန်ဂစ်၊ တီဗက်ဇ်၊ နာနီနှင့် ပေါလ်စခိုးတို့ အပေးအယူ အနည်းငယ်လွဲချော်လျက်ရှိနေရာ အခွင့်အရေးကောင်း အချို့ ဆုံးရှုံးခဲ့ရသည်။ ပွဲချိန် မိနစ် ၉၀ခန့်တွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ် အပိုင်ဂိုးသွင်းခွင့် အခွင့်အရေးကောင်းရရှိခဲ့သော်လည်း ခေါင်းတိုက်ချက်လွဲချော်ခဲ့သဖြင့် မန်ယူတို့ ချေပဂိုးရရှိမည့် အခွင့်အရေး ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

မန်ယူသည် နာနီအစား အီးဂဲလ်၊ ဘရောင်းအစား အိုရှီးရား၊ မိုက်ကယ်ကာရစ်အစား ကင်းဘဲလ် တို့ အစားထိုးကစားခဲ့သော်လည်း ရလဒ်ထူးခြားမလာဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

### ဘလက်ဘန်းနှင့် အာဆင်နယ်

အာဆင်နယ်တို့ အဝေးကွင်း၌ ဘလက်ဘန်းကိုအနိုင်မကစားနိုင်ခဲ့ချေ။



မန်စီးတီးနှင့် မန်ယူတို့ပွဲတွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ် ဤသို့ ဂိုးသွင်းယူရန် ကြိုးစားခဲ့သော်လည်း . . .။ (ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်သည် တိုက်စစ်တွင် ဝေါကော့တ်နှင့် ဗန်ပါစီတို့ကို တွဲဖက်ကစားစေခဲ့ရာ ဘလက်ဘန်း နောက်တန်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

အာဆင်နယ် ကွင်းလယ်မှ ဖာဘရီဂက်စ်၊ ဖလာမီနီနှင့် အလက်ဇန္ဒားဟဲဘ်တို့က တိုက်စစ်ကို လိုက်ပါကစားခဲ့ရာ ပွဲချိန် ၁၈မိနစ်၌ ဗန်ပါစီက အနီးကပ်သွင်းယူခဲ့သဖြင့် စောစီးစွာ ဂိုးရရှိခဲ့သည်။

ဘလက်ဘန်း တိုက်စစ်မှူးများဖြစ်သည့် ခရစ်ဇ်နှင့် ဒါဘီရိုင်းတို့က အာဆင်နယ် နောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ အပိုင်ဂိုးသွင်းခွင့် ၁၀ကြိမ်ခန့် ရရှိခဲ့သည်။ ချေပဂိုးရရှိရေးအတွက် ဘလက်ဘန်းတို့ အဝင်အထွက်ကြမ်းကြမ်း ကစားခဲ့မှုကြောင့် ဒေးဗစ်၊ ဆမ်ဘာ၊ ဆာဗာဘီနှင့် နယ်လ်ဆင်တို့ အဝါကတ်ထိခဲ့သည်။

### သရေပွဲ

ထို့အတူ အာဆင်နယ်တို့ကလည်း အနိုင်ဂိုးထပ်မံသွင်းယူနိုင်ရေးအတွက် တွန်းတွန်းတိုက်တိုက် ကစားခဲ့သဖြင့် ဖလာမီနီ၊ အီဗူရာဒို၊ ဂီလ်နှင့် ဗန်ပါစီတို့ အဝါကတ် အပြခံခဲ့ရသည်။ အာဆင်နယ်တို့၏ ထိုးဖောက်မှုကို ဘလက်ဘန်းတို့က ဟန့်တားရင်း ပွဲချိန် ၇၂မိနစ်၌ ကွင်းလယ်ကစားသမား ဒေးဗစ်ဒန်းက ချေပဂိုး သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေဖြစ်နေရာ ပွဲချိန်ပြည့်သည်အထိ နှစ်ဖက်စလုံး ထပ်မံဂိုးမသွင်းနိုင်ဘဲ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

### လီဗာပူးနှင့် ချယ်လ်ဆီး

မနှစ်က လီဗာပူးကွင်း၌ နှစ်ဂိုးပြတ် ရှုံးခဲ့သောရှုံးကြွေးကို ချယ်လ်ဆီးတို့ ဆပ်နိုင်ရန် ကြိုးစားခဲ့သည်။ ဘင်နီတက်ဇ်သည် လီဗာပူး တိုက်စစ်တွင် ဒက်ကွတ်နှင့် တောရက်စ်တို့ကိုထားကာ ကွင်းလယ် အားကိုယူပြီး ချယ်လ်ဆီးဘက်သို့ တိုက်စစ်ဆင် ကစားခဲ့ရာ ဂိုးသွင်းခွင့် ၁၈ကြိမ်ရရှိခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့သည်။

ချယ်လ်ဆီးတို့က တိုက်စစ်၌ ဒရော့ဘာနှင့် ကာလူးတို့ကို ထားရှိကစားခဲ့သည်။ လီဗာပူးတို့က အိမ်ကွင်း၌ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ချယ်လ်ဆီးဘက်သို့ ဖိကစားနိုင်ခဲ့ရာ ပွဲချိန်၁၆မိနစ်၌ တိုက်စစ်မှူး တောရက်စ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ချယ်လ်ဆီးတို့ ပထမပိုင်းတွင် ချေပဂိုး မသွင်းနိုင်ဘဲ ပွဲချိန်၆၂မိနစ်မှသာ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် လမ်းပတ်က သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ပြီး လီဗာပူးနှင့် ချယ်လ်ဆီးတို့တစ်မှတ်စီ ခွဲဝေယူခဲ့ကြရသည်။ ။

**(အင်တာနက်)**



လီဗာပူးနှင့် ချယ်လ်ဆီးတို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး တောရက်စ် ဂိုးသွင်းယူပြီး ဤသို့အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

**သတင်းမှတ်စု-မောင်ချစ်ကြည်**

**ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား**

# ပရီမီယာလိဂ် ပွဲစဉ်(၃)အပြီး နည်းပြတို့ရဲ့ ရင်ဖွင့်သံများ

**သုံးသပ်တင်ပြသူ မောင်မောင်မြင့်ဆွေ**

လန်ဒန် ဩဂုတ် ၁၉

**ပရီမီယာလိဂ် ပွဲစဉ်(၃)အဖြစ် ဩဂုတ်၁၈ရက်က ကစားခဲ့ကြတဲ့ပွဲတွေမှာ မမျှော်လင့်တဲ့ရလဒ်တွေ ထွက်ပေါ်လာခဲ့တာမို့ စိတ်ဝင်စားစရာကောင်းခဲ့သလို မထင်မှတ်တဲ့ရလဒ်တွေကြောင့် အသင်းနည်းပြတွေရဲ့ ရင်ဖွင့်စကားတွေကိုလည်း ဖော်ပြလိုက်ပါတယ်။**



**တကယ်ကြီးမားတဲ့ အောင်ပွဲပါ။**

(ပို့စ်မောက် နည်းပြ–ဟာရီရက်နက်ပ်)

ပရီမီယာလိဂ် အဖွင့်ပွဲစဉ်တွေမှာ ခြေစွမ်းပြနိုင်ခဲ့တဲ့ အတန်းတက် ဆန်းဒါးလန်းအသင်းဟာ ဩဂုတ် ၁၈ရက်က အဝေးကွင်းမှာ ဝီဂန်ကို သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြ ရွိုင်းကိန်းအတွက် ထိခိုက်စရာ ဖြစ်ခဲ့ရပါတယ်။ ဒီလို သုံးဂိုးပြတ်ရှုံးခဲ့ရတဲ့ပွဲမှာ သူ့လူတွေရဲ့ အမှားကြောင့် ပယ်နယ်တီနှစ်လုံး အပေးခံလိုက်ရတာကလဲ နစ်နာမှု တစ်ရပ် ဖြစ်ခဲ့ရပြန်ပါတယ်။ ဒီပွဲနဲ့ပတ်သက်ပြီး ဆန်းဒါးလန်းနည်းပြ ရွိုင်းကိန်းက–

## ပိုင်ပိုင်နိုင်နိုင်

"ဒီပွဲမှာ ကျွန်တော်တို့ခြေစွမ်းပြနိုင်ခဲ့တာ အမှန်ပါပဲ၊ ဒါပေမယ့် အကောင်းဆုံးတော့ မဟုတ်ပါဘူး၊ တကယ်တမ်းဆိုရင် ဒီပွဲဟာ ကျွန်တော်တို့အတွက် သရေနဲ့အနိုင်ပဲ ဖြစ်သင့်တဲ့ပွဲပါ။ ဂိုးသွင်းခွင့်တွေရခဲ့ပေမယ့် ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်ခဲ့ဘူး၊ အနည်းဆုံး သုံးဂိုးလောက် ရသင့်ပေမယ့် မရခဲ့တာကြောင့် နစ်နာခဲ့ရတယ်။ ပရီမီယာလိဂ်မှာ ရှုံးပွဲကြုံရတာ မဆန်းပေမယ့် ဒီလောက် ဂိုးမပြတ်သင့်ဘူးဆိုတာ ဝန်ခံပါတယ်။ သင်ခန်းစာရတဲ့ ပွဲပါပဲ"လို့ ရွိုင်းကိန်းက ပြောကြားသွားခဲ့ပါတယ်။

## အကောင်းဆုံးကစားနိုင်တဲ့ပွဲ

ဒီလိုပါပဲ ခြေစွာနေတဲ့ ဘော်လ်တန်ကို သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ ပို့စ်မောက်နည်းပြ ဟာရီရက်နက်ပ်ကလဲ "ဘော်လ်တန်လို ကစားရခက်တဲ့အသင်းကို အနိုင်ရခဲ့တာဟာ ကျွန်တော်တို့အတွက်တော့ တကယ့်ကြီးမားတဲ့ အောင်ပွဲတစ်ရပ်ပါပဲ။ ကျွန်တော့်အနေနဲ့ ဒီပွဲဟာ ဒီနှစ်ထဲမှာ အကောင်းဆုံးကစားနိုင်တဲ့ ပွဲတစ်ပွဲလို့တောင် သတ်မှတ်ချင်ပါတယ်။ ဒီပွဲမှာ ကျွန်တော့် ကစားသမားတွေ ခြေစွမ်းပြသသွားနိုင်ခဲ့ကြသလို အမှားအယွင်းမရှိသလောက် ကစားနိုင်ခဲ့ကြပါတယ်။ ဒီအတိုင်းသာ ခြေစွမ်းပြသွားနိုင်ရင်တော့ ဒီနှစ်မှာ အကောင်းဆုံး လေးသင်းစာရင်းထဲ ဝင်သွားနိုင်ပါတယ်"လို့ ဖွင့်ဟပြောကြားခဲ့ပါတယ်။



**ဒီလောက် ဂိုးမပြတ်သင့်ဘူး။**

(ရွိုင်းကိန်း–ဆန်းဒါးလန်းနည်းပြ)



**တောင်ပံတိုက်စစ် ကောင်းအောင်လုပ်ရမယ်။**

(ဆမ်အလာဒိုက်–နယူးကာဆယ်နည်းပြ)

## တိုက်စစ်အနေအထား

ပို့စ်မောက်အသင်းဟာ ရှေ့၊ လယ်၊ နောက် ချိတ်ဆက်မိမိနဲ့ ကစားနိုင်သလို ရှေ့တန်းတိုက်စစ်မှူးတွေဖြစ်တဲ့ ကနူး၊ အူကာတာနဲ့ တေလာတို့ကလဲ ရတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ခဲ့လို့ အခုလို ဂိုးတွေသွင်းယူနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ပို့စ်မောက်အသင်းကို မမျှော်လင့်ဘဲ ရှုံးခဲ့ရတဲ့ ဘော်လ်တန်နည်းပြ ဆမ်မိုင်လီကလဲ "ဒီပွဲကို ရှုံးလိမ့်မယ်လို့တော့ မထင်မိဘူး၊ ကစားသမားတွေ အတတ်နိုင်ဆုံး ကစားသွားနိုင်ကြတယ်။ ပို့စ်မောက်အသင်း ကစားပုံက တကယ့်ကို မာကျောပါတယ်။ ဂိုးသွင်းဖို့ အခွင့်အရေး ရပေမယ့်လဲ ဂိုးကံခေခဲ့လို့ ချေပဂိုးတွေ မသွင်းနိုင်ခဲ့တာပါ။ ကျွန်တော်တို့တိုက်စစ် အနေအထားကို ပြင်ဆင်ရဦးမယ်။ ခံစစ်ကြောင်းကလဲ ဒီထက်ပိုကောင်းဖို့လိုအပ်နေပါသေးတယ်။ အကောင်းဆုံး အနေအထားရောက်အောင် အကောင်းဆုံး ပြင်ဆင်မှုတွေလုပ်ဖို့ လိုအပ်နေပါပြီ"လို့ ပြောကြားလိုက်ပါတယ်။

## နိုင်သင့်တဲ့ပွဲ

ဒီလိုပါပဲ အက်စတွန်ဗီလာအသင်းနဲ့ ဂိုးမရှိသရေပွဲဖြစ်ခဲ့တဲ့ နယူးကာဆယ်အသင်းဟာ အိမ်ကွင်းမှာ သရေကျခဲ့တာကြောင့် တစ်မှတ်နဲ့ ကျေနပ်ခဲ့ရပါတယ်။ ဒီပွဲဟာ ဒီနှစ်ပရီမီယာလိဂ်မှာ နယူးကာဆယ်တို့ အိမ်ကွင်း ပထမဆုံး ကစားတဲ့ပွဲဖြစ်ပါတယ်။ ဒီပွဲနဲ့ ပတ်သက်ပြီး နယူးကာဆယ်နည်းပြ ဆမ်အလာဒိုက်က "ကျွန်တော်တို့အသင်း နိုင်သင့်တဲ့ ပွဲပါပဲ။ တိုက်စစ်မှူးတွေ ဆန္ဒစောပြီး ဂိုးသွင်းမသေချာခဲ့လို့ ဒီအဖြေထွက်ခဲ့တာပါ။ တိုက်စစ်နဲ့ အလယ်တန်း ဒီထက် အထိုင်ကျဖို့ လိုအပ်နေသေးတယ်။ တောင်ပံတိုက်စစ်တွေ ဒီထက်ပိုကောင်းဖို့ လုပ်ရဦးမှာပါ။ နယူးကာဆယ်ဟာ မနှစ်ကထက် ခြေစွမ်းပိုထက်မြက်တဲ့ အသင်းဆိုပေမယ့် ဒီထက်ပိုကြိုးစားမှ ရမယ်ဆိုတာ ဒီပွဲက သက်သေပြလိုက်တာပါပဲ"လို့တော့ ဆမ်အလာဒိုက်က ပြောကြားသွားခဲ့ပါတယ်။



**ဒီပွဲ ရှုံးလိမ့်မယ် မထင်ဘူး။**

(ဘော်လ်တန် နည်းပြ–ဆမ်မိုင်လီ)

ပရီမီယာလိဂ်ရာသီအစ ပွဲစဉ်တွေကတည်းက စိတ်လှုပ်ရှားစရာကောင်းတဲ့ ရလဒ်တွေ ပေါ်ထွက်နေတာမို့ ပရီမီယာလိဂ်အသင်းတွေရဲ့ အားနည်းချက်တွေကို အမြန်ဆုံး ပြင်ဆင်ဖြည့်ဆည်းဖို့ နည်းပြတွေကတော့ ကြိုးစားနေကြပြီ ဖြစ်ပါကြောင်း။ ။ **(ကိုးကား–အင်တာနက်)**

# ဘွန်ဒက်စ်လီဂါ ရာသီအစ ဘိုင်ယန်မြူးနစ်တို့အနိုင်ရ

**မြူးနစ် ဩဂုတ် ၁၉**

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂) ဘောလုံးပြိုင်ပွဲများကို ဩဂုတ်၁၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက ဝါဒါဘရီမင် အသင်းကို လေးဂိုး–ဂိုးမရှိဖြင့်နိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်တို့ နှစ်ပွဲဆက်တိုက် အနိုင်ရထား၍ ရာသီအစတွင် မျက်နှာပန်းလှနေသည်။ ထိုနေ့က ရှော့လ်ကေးအသင်းသည်လည်း အိမ်ကွင်း၌ ဒေါ့မွန်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ဘီလ်လီဖီးနှင့် ဖရန့်ဖတ်တို့ပွဲစဉ်တွင် တစ်ဖက် နှစ်ဂိုးစီ သရေဖြစ်ပြီး ဟာသာဘာလင်က အိမ်ကွင်း၌ စတုဂတ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်သည်။

## ယှဉ်ပြိုင်

ယခုနှစ် ဘွန်ဒက်စ်လီဂါရာသီတွင် ဘိုင်ယန်မြူးနစ်၊ ရှော့လ်ကေး၊ စတုဂတ်နှင့် ဝါဒါဘရီမင် တို့သည် ထိပ်သီးအသင်းကြီးများအဖြစ် ဆက်လက် ယှဉ်ပြိုင်သွားဖွယ်ရှိသည်။

**(အင်တာနက်)**

**စုစည်းတင်ပြသူ မြင့်မောင်စိုး**

**ဘိုင်ယန်မြူးနစ်တို့ ဤသို့အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)



# ရော်ဂျာပလားပြိုင်ပွဲ ဂျူစတင်ဟေနင် ဗိုလ်လုပွဲတက်ရောက်

တိုရွန်တို ဩဂုတ် ၁၉

**ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပသော ရော်ဂျာဖလားတင်းနစ်ပြိုင်ပွဲတွင် ဂျူစတင်ဟေနင်သည် တရုတ်တင်းနစ်မယ် ရန်ဇီအား အနိုင်ကစားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

**ဘယ်လ်ဂျီယံ တင်းနစ်မယ် ဟေနင်သည် ယင်းပြိုင်ပွဲတွင် ၆–၃ ၆–၀၊ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။**

**ဆားဘီးယားသူ ဂျန်ကိုဗစ်သည် အကြို ဗိုလ်လုပွဲအဖြစ် ဂိုလိုဗင်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ ဂျန်ကိုဗစ်သည် ပြင်သစ်သူ ရာဇာနိုအား အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်လာခြင်းဖြစ်သည်။ ဂိုလိုဗင်သည် ကွက်ညက်ဆိုဗာအား အနိုင်ရပြီး အကြို ဗိုလ်လုပွဲရောက်ရှိလာသည်။**

**ဆားဘီးယားနိုင်ငံသူ ဂျန်ကိုဗစ်သည် ယင်းပြိုင်ပွဲ အနိုင်ရဗိုလ်စွဲခဲ့လျှင် ယခုနှစ်အတွင်း ပဉ္စမမြောက်ဖလားကို ရယူပိုင်ဆိုင်နိုင်မည် ဖြစ်သည်။**

(အင်တာနက်)



တင်းနစ်မယ် ဂျူစတင်ဟေနင်

# ပွာတိုရီကိုလက်ဝှေ့ကျော် ကော့တိုး ချန်ပီယံခါးပတ်ကာကွယ်ပွဲ ထိုးမည်

**နယူးယောက် ဩဂုတ် ၁၉**

ပွာတိုရီကို လက်ဝှေ့အကျော် မီဂွယ်ကော့တိုးသည် ၎င်း၏ဒဗလျူဘီအေ ဝယ်တာဝိတ်တန်း ချန်ပီယံ ခါးပတ်ကာကွယ်ပွဲအဖြစ် ရှိန်းမော့စလေနှင့် နိုဝင်ဘာ ၁၀ရက်တွင် နယူးယောက်မြို့ရှိ မက်ဒီဘွန်ဥယျာဉ် ရင်ပြင်၌ ထိုးသတ်ကြမည်ဖြစ်သည်။



ပွာတိုရီကို လက်ဝှေ့အကျော် ကော့တိုး

## ကာကွယ်နိုင်

အသက်၂၆နှစ်ရှိ ကော့တိုးသည် ပွဲပေါင်း၃၀ ရှုံးပွဲမရှိနိုင်ထားသူဖြစ်သည်။ ၎င်းသည် ဇွန်လက ယခုထိုးသတ်မည့် နေရာ၌ပင် ဇတ်ဒူးဒက်ကိုအလဲထိုးပြီး ချန်ပီယံသရဖူကို ကာကွယ်နိုင်ခဲ့သည်။

## အနိုင်ရထား

မီဂွယ်ကော့တိုးနှင့်ထိုးသတ်မည့် မော့စလေသည် အသက် ၃၅နှစ်ရှိပြီဖြစ်သည်။ ၎င်းသည် ပွဲပေါင်း၄၄ပွဲ ထိုးသတ်ရာတွင် ၄၄ပွဲ အနိုင်ရထားသူဖြစ်သည်။ မော့စလေသည် ကမ္ဘာ့ဝိတ်တန်း ချန်ပီယံဆု သုံးဆုကို ဆွတ်ခူးခဲ့ဖူးသည့် ချန်ပီယံဟောင်းလည်း ဖြစ်သည်။ ၎င်းသည် ဖေဖော်ဝါရီလက လူးဝစ်ကော်လာဇိုကိုအမှတ်ဖြင့်နိုင်ပြီး ဒဗလျူဘီစီ ဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကို ရယူထားသူဖြစ်သည်။ **(အင်တာနက်)**

# အားကစားသတင်း အတိုအထွာ

✳ **ဂလက်ဆီအသင်းနှင့် ရက်ဘူးလ်အသင်းတို့ မေဂျာလိဂ်ပြိုင်ပွဲအဖြစ် ဩဂုတ် ၁၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဒေးဗစ်ဘက်ခမ်းသည် ပထမဆုံး မေဂျာလိဂ်ပွဲ၌ ပါဝင်ကစားခဲ့သည်။**

✳ ပေါ်တူဂီလိဂ် ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၁၈ရက်က စတင်ယှဉ်ပြိုင်ကစားရာ ချန်ပီယံ ပေါ်တိုအသင်းက ဘရာဂါအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

✳ **ရော်ဂျာဖက်ဒဲယားသည် စင်စင်နာတီဖလား တင်းနစ်ပြိုင်ပွဲတွင် ဩစတြေးလျမှ ဟီးဝှစ်ကိုနိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။**

## စည်ပင် ဒုတိယညွှန်/ချုပ် သထုံရေပေးမှု ကြည့်ရှု

သထုံ ဩဂုတ် ၁

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဂါလန်ခြောက်သောင်းဆံ့ ရေလှောင်ကန် ရေစက်ရုံနှင့် မြို့ရေပေးဝေမှုကို ဇူလိုင် ၇ ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(အောက်မြန်မာနိုင်ငံ) ဦးခင်လတ်နှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကိုတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်မိုးနှင်းတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေး၌ကျင်းပ

ရေး ဩဂုတ် ၅

**ရေးမြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၆ရက် နံနက် ၈ နာရီက ရေးမြို့ တူးမြောင်းကျေးရွာ ရေး-မော်လမြိုင် ကားလမ်းဘေးတွင် ကျင်းပသည်။**

### တက်ရောက်

သစ်ပင်စိုက်ပျိုးပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ချိုထွန်းအောင်နှင့် ဇနီး၊ အရာရှိ အရာခံ၊ တပ်မတော်သားများ၊ မြို့နယ်ဥက္ကဋ္ဌဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဇော်သက်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများတက်ရောက်ကြသည်။

ရေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ချိုထွန်းအောင်နှင့် ဇနီး ဒေါ်နန်းယဉ်မေဝင်းတို့က ပျိုးပင်များပေးအပ်ရာ လူမှုရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်များက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

### ပေးအပ်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်က ပျိုးပင်များပေးအပ်ရာ ဌာနဆိုင်ရာနှင့် ကျေးရွာဥက္ကဋ္ဌတို့မှ ကိုယ်စားလှယ်များက လက်ခံယူကြသည်။

### အားပေး

ထို့နောက် တက်ရောက်လာသူများက ပျိုးပင်များကို စိုက်ပျိုးကြရာ ဗိုလ်မှူးချုပ် ချိုထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကြို့ပင်ကောက်မြို့ ကန်ညီနောင်ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဩဂုတ် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်းဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးအောင်မိုးသိန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)



## စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဖလမ်း၌ ရှင်းလင်း စာအုပ်၊ ရုပ်မြင်သံကြားပြစက်နှင့် ကက်ဆက်လှူဒါန်း

ဖလမ်း ဩဂုတ် ၂

**ချင်းပြည်နယ် ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စာအုပ်၊ စာစောင်၊ ရုပ်မြင်သံကြားပြစက်နှင့် ကက်ဆက်များ လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၇ရက် ညနေ ၃နာရီက ဗားလုံကျေးရွာ စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ဗားလုံကျေးရွာ ဥက္ကဋ္ဌ ဦးဘွဲ့ဒင်ထန်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်ဟမ်က စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ စာကြည့်တိုက်တာဝန်ခံများနှင့် ကျေးရွာပြည်သူများက ပြန်လည်ဆွေးနွေးကြသည်။





### လှူဒါန်း

ထို့နောက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ၂၁လက်မ တိုရှီဘာ ရောင်စုံရုပ်မြင်သံကြားပြစက်ကို ဦးဘွဲ့ဒင်ထန်က လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ ကျွမ်းကျင်(၃)ဦးထလျန်ဟရန်းက လက်ခံယူပြီး **(အပေါ်ပုံ)** ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော စာအုပ်မျိုးစုံအုပ် ၁၀၀ ကို စာကြည့်တိုက်တာဝန်ခံ ဦးနိုင်ကုန်းက လက်ခံယူကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ဆင်းရွှေလီစပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း စိုက်နည်းစနစ်မှန် သရုပ်ပြပွဲ သီပေါ၌ကျင်းပ

သီပေါ ဩဂုတ် ၈

**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါး ဆင်းရွှေလီစပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း စိုက်နည်းစနစ်မှန် သရုပ်ပြပွဲကို ဇူလိုင် ၂၈ရက် နံနက် ၈နာရီက နောင်အန်ကျေးရွာအုပ်စု ခိုလုံရွာ ကွင်းအမှတ်(၁၅၂) တောင်သူ ဦးလုံးအောင်မှတ်၏ လယ်မြေ၌ ကျင်းပသည်။**

နည်းစနစ်မှန် သရုပ်ပြပွဲသို့ ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဘဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ သီပေါမြို့နယ် ဥက္ကဋ္ဌဦးခင်ကြည်နှင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူလယ်သမားများနှင့် ဒေသခံ ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

### နည်းစနစ်မှန်ကန်

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းက အမှာစကားပြောကြားပြီး ဆင်းရွှေလီ အထူးအထွက်တိုးစပါး တစ်ဧက တင်း ၂၅၀နှုန်းထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် နည်းပညာ ၁၅ချက်နှင့် နည်းစနစ်ခြောက်ချက်တို့ကို လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်းက နည်းစနစ်မှန် စပါးစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကောက်စိုက်သမတို့၏ စိုက်ပျိုးနည်းစနစ်မှန်သရုပ်ပြမှုကို ခရိုင်ဥက္ကဋ္ဌဦးဘဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးခင်ကြည်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက ကြည့်ရှုအားပေးကြသည်။

**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

**ရောဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လပွတ္တာမြို့ အမှတ် (၇) ရပ်ကွက် ဩဘာလမ်း၌ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၁၀ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သန်းက ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## ရေတာရှည်၌ မိုးကြံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း အထွေထွေမန်နေဂျာ ကြံတောင်သူများနှင့်ဆွေးနွေး

ရေတာရှည် ဩဂုတ် ၇

မြန်မာ့ကြံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးစိန်လှိုင်သည် ပဲခူးတိုင်းအရှေ့ခြမ်းဇုန်မန်နေဂျာ ဦးဘန်ရှိန်၊ အမှတ်(၆) သကြားစက်၊ ရေတာရှည်စက်ရုံမှူး ဦးအောင်နိုင် လိုက်ပါလျက် ဇူလိုင် ၂၄ရက် နံနက်က ရေတာရှည်မြို့နယ် ဘိုးတော်ကုန်း ကြံစိုက်ကွင်းရှိ မိုးကြံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုကို ကွင်းဆင်းကြည့်ရှုကြသည်။

### ပြသရှင်းလင်း

အထွေထွေမန်နေဂျာနှင့်အဖွဲ့အား ရေတာရှည်မြို့နယ် မြန်မာ့ကြံလုပ်ငန်း မြို့နယ်တာဝန်ခံ ဦးသက်ဆွေက မြို့နယ်၏ ၂၀၀၇-၂၀၀၈ ခုနှစ် ကြံစိုက်ဧကနှင့် မိုးကြံစိုက်ဧကများ အခြေအနေကို ရှင်းလင်းတင်ပြပြီး ဘိုးတော်ကုန်း ကြံစိုက်ကွင်းအတွင်း စိုက်ပျိုးထားသော မိုးကြံစိုက်ခင်းများနှင့် ကြံဧက ၂၅၀၀ တစ်ကွင်း တစ်ဆက်တည်း စိုက်ပျိုးမည့်ကွင်းများသို့ လိုက်လံပြသ ရှင်းလင်းသည်။

### တွေ့ဆုံဆွေးနွေး

ထို့နောက် အထွေထွေမန်နေဂျာနှင့်အဖွဲ့သည် ဘိုးတော်ကုန်းကြံစိုက်ကွင်း ခြံမန်နေဂျာရုံး၌ ပီတူး၊ ဝါးရုံတောနှင့် ဘိုးတော်ကုန်းကျေးရွာအုပ်စု သုံးအုပ်စုမှ ကြံစိုက်တောင်သူဦးကြီးများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြန်မာ့ကြံကွင်းဝန်ထမ်းများအား တွေ့ဆုံကာ ကြံစိုက်ပျိုးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**(က-ပ)**

**ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ ကုက္ကိုတန်းလမ်းအုတ်ခုံခံ ကွန်ကရစ်ခင်းတံတား ပြင်ဆင်မှုကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်ထားမြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးတို့ ကွင်းဆင်းကြီးကြပ်စဉ်။**

(မြို့နယ်စည်ပင်)



## နမ့်ခမ်းမြို့ သာယာလှပရေး လမ်းလယ်ကျွန်းပြုပြင်

နမ့်ခမ်း ဩဂုတ် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် လမ်းလယ်ကျွန်း ပန်းခုံများတွင် ပန်းအလှပင်များ အစားထိုးလဲလှယ်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဇူလိုင်၂၃ရက် နံနက်၉နာရီက ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းကို ဦးစီးအရာရှိ ဦးစိုးလင်းနှင့် ဒုတိယဦးစီးမှူး ဦးသန်းဝင်းတို့ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**(မြို့နယ် ပြန်/ဆက်)**






ဦးတင်ရှိန်အားရည်စူး၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၉၁/၃နေ ဒေါ်ကြည်ကြည်နှင့်သားသမီးများ ကိုလှကြည်- မနုနုသန်း၊ ကိုကျော်မြင့် - မဝါဝါ၊ ကိုကျော်မြင့်ဦး- မဝင်းဝင်းမာ၊ **Nobous San-Daw Thida Aye**၊ မောင်အောင်ပြည့်ဖြိုး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကျိုက်သလ္လံ စေတီတော် ဘက်စုံပြုပြင်ရေး လှူဒါန်းနိုင်

မော်လမြိုင် ဩဂုတ် ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ဆံတော်ရှင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင် တည်ဆောက်မှု လုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် လှူဒါန်းလိုသူများသည် မော်လမြိုင်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၈၊ စေတီတော်ဂေါပက ဖုန်း-၀၅၇-၂၁၃၃၄ နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)




ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည့် အဘိဓမ္မာခုနစ်ကျမ်း(အာဂမ+သဘာဝ) စာတော်ပြန်ပွဲ ပင်မငွေပဒေသာပင်အတွက် ဦးထင်လင်းကျော်-ဒေါ်သန်းနုနုထွေး(ခေတ္တစင်ကာပူ)က အသင်းဥက္ကဋ္ဌ ဦးညွန့်စိန်(မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာအာဘိဓမ္မိကဝိသိဋ္ဌကလျာဏဉာဏဓဇ)ထံငွေကျပ် ၁၂၈၂၀၀ကို ဆူးလေစေတီတော် ရင်ပြင်ပေါ်ရှိ အဘိဓမ္မာအသင်းတိုက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကယားပြည်နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းကပ်လှူပွဲ လွိုင်ကော်၌ကျင်းပ

လွိုင်ကော် ဩဂုတ် ၆

ကယားပြည်နယ် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဇူလိုင် ၂၇ရက် မွန်းလွဲက ကယားပြည်နယ်လုံးဆိုင်ရာ ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပရာ လွိုင်ကော်မြို့ ရွှေတောင် ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပညာသာမိ ကြီးမှူးသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြသည်။

**ခံယူဆောက်တည်**

အခမ်းအနားတွင် ရွှေတောင် ဆရာတော်ကြီးထံမှ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် ဇနီး ဒေါ်တင်တင်ကြည်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ် ၁၃ ရပ်ကွက်မှ ဝတ်ရွတ်အဖွဲ့များက ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော် နာယူကြသည်။

**လျှောက်ထား**

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ရွှေတောင်ဆရာတော်ကြီးထံသို့ ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်ပြီး **(ယာပုံ)** ကျန်ကျောင်းတိုက် ဆရာတော်များထံသို့ တာဝန်ရှိသူများက ဝါဆိုသင်္ကန်းများ ဆက်ကပ်ကြသည်။

**ဆက်ကပ်**

အဆိုပါ ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ကျောင်းတိုက် ၃၃ တိုက်သို့ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



**အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် တာမွေမြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်း အမှတ် (၈၈)နေ ဦးရှင်ညာဏ်-ဒေါ်ခင်ထွေး မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



## ရွှေရင်အေးစပါးခင်းများ လှိုင်လင်ခရိုင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆည်တမံများပြုပြင်တည်ဆောက်

လှိုင်လင် ဩဂုတ် ၁၆

**လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဌေးနှင့် လှိုင်လင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦးတို့သည် ဩဂုတ် ၁၃ရက် နံနက် ၇နာရီခွဲက လှိုင်လင်မြို့နယ် တောင်နောက်ကျေးရွာအုပ်စု ဟိုတင့်အရှေ့မြောက်ကွင်း၊ ကွင်းအမှတ်(၁)(ခ) တွင် စိုက်ပျိုးထားသော ရွှေရင်အေးစပါးခင်းများကို ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ကြသည်။**

**စစ်ဆေး**

ထို့နောက် လှိုင်လင် အရှေ့ကျေးရွာအုပ်စု လှိုင်မုံမိုင်းကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအနေဖြင့် တည်ဆောက်ထားလျက်ရှိသော ဆည်တမံများ ပြုပြင်နေမှုတို့ကို သွားရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ကြည့်ရှု**

အဆိုပါ ကွင်းဆင်းစစ်ဆေးကြည့်ရှုရာသို့ ခရိုင်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမြကြီး၊ ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသောင်း၊ မြို့နယ် စိုက်ပျိုးရေးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ချောင်းတိမ်ပလက်ဖောင်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ချိုချိုနှင့် ဒေါ်အေးမီဇွန်ထွေးတို့ ကြီးကြပ်ဆောင်ရွက်ရာသို့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့် ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



## တိုင်းစည်ပင်ညွှန်မှူး စက်ရေတွင်းများ စစ်ဆေး

မိတ္ထီလာ ဇူလိုင် ၂၀

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးသည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အတူ ဇူလိုင် ၃ ရက်က မိတ္ထီလာမြို့သို့ ရောက်ရှိပြီး မိတ္ထီလာမြို့ ရေပေးရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မဟာစည်ရပ်ကွက်တွင် မြို့ရေပေးရေးအတွက် တူးဖော်ထားသည့် မြေအောက်ရေပေးရေး စက်ရေတွင်းများ စစ်ဆေးပြီး စက်ရေတွင်းအမှတ်(၁)မှ ရေထွက်ရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## မြို့နယ် သတင်းများ

**ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ခရမ်း စံပြကျေးရွာရှိ ရေကန်အဆင့်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စနစ်တကျ ဝင်းခြံခတ်မှုကို ဩဂုတ် ၃ရက်က အဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်လင်းဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (၃၄၇)



## ဖားကန့်မြို့၌ စုပေါင်းသန့်ရှင်း

**ဖားကန့် ဩဂုတ် ၉**

ဖားကန့်မြို့ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးမြင့်ဌေး ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဩဂုတ် ၅ ရက်က မြို့မရပ်ကွက်အတွင်းရှိ တြိဂံပန်းခွက်တွင် စိုက်ပျိုးထားသော ဘိုကတော်ပင်များ ပုံဖော်ခြင်း၊ မြက်ပင်များ ပေါင်းသင်ခြင်းနှင့် ဗျူဟာကုန်းဆင်းလမ်း တစ်လျှောက်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## ပေါင်မြို့နယ်၌ အရန်သားဖွားသင်တန်းဖွင့်

**ပေါင် ဩဂုတ် ၅**

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အရန်သားဖွားသင်တန်း(၁/၂၀၀၇)ဖွင့်ပွဲကို ဇူလိုင် ၂၆ရက်က ပေါင်မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းမြနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြလင်းစိန်နှင့် အဖွဲ့ဝင်များ၊ သင်တန်းသူ ၁၁ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာ ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ဒဂုံနှင့် ရန်ကင်းမြို့နယ်ရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိကျားကူးကျောင်းတိုက် ကျားကူးဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **စာမျက်နှာ ၈ ကော်လံ ၁** ■

## MRTV - 4 အစီအစဉ်များ မြို့လေးမြို့၌ ထပ်မံဖမ်းယူ ကြည့်ရှုနိုင်ပြီ

နေပြည်တော် ဩဂုတ် ၁၉

**MRTV - 4 နှင့် ဆက်စပ်ရုပ်သံလိုင်းအစီအစဉ်များကို ရန်ကုန်၊ စစ်ကိုင်း၊ ပဲခူး၊ တောင်ကြီး၊ မော်လမြိုင်၊ ပြည်၊ ကျောင်းကုန်းနှင့် မင်းလှမြို့တို့မှ ဖမ်းယူကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပေးထားပြီးဖြစ်ရာ ဩဂုတ်လမှစ၍ ထပ်မံတိုးချဲ့တည်ဆောက်ပြီးစီးသော နေပြည်တော် ပျဉ်းမနား၊ တောင်ငူ၊ မင်းဘူးနှင့် ပြင်ဦးလွင်မြို့တို့မှလည်း ဒစ်ဂျစ်တယ် ရုပ်သံဖမ်းစက်ဖြင့် ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ကိုးတိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ရန်ကုန်မြို့ တိုင်းရင်းဆေးရုံကြီး၏ ကုသမှုစွမ်းရည်

သတင်းဆောင်းပါး - လှစိန်၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာ့တိုင်းရင်းဆေး ပညာသည် နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲခဲ့သည်။ မြန်မာ့ရိုးရာ ကိုယ်ပိုင် အမွေအနှစ် အမျိုးသားဆေးပညာရပ်စစ်စစ်ဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် ပင်ကိုသဘာဝအားဖြင့် အစွမ်းထက်မြက်ပြီး သစ်ရွက်၊ သစ်သီး၊ သစ်မြစ်၊ သစ်ဥများ၊ ရေထွက်၊ မြေထွက်ဆေးပစ္စည်းများကို အခြေခံထုတ်လုပ်သော အစွမ်းထက်မြက်သည့် အာနိသင်ဂုဏ်အင်္ဂါများနှင့် ပြည့်စုံလျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှု စွမ်းရည်များကြောင့် မိမိတို့ ဘိုးဘေးဘီဘင်များက

**စာမျက်နှာ ၉ ကော်လံ ၁** ✻



အကြောအဆစ်ရောဂါကုဌာနတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# NLD ပါတီခေါင်းဆောင်များ ပုဂ္ဂိုလ်ရေး အာဃာတဖြင့် အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်နေ လပွတ္တာမြို့နယ်မှ ပါတီဝင် ၁၁၂ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၉

**ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးအုန်းရွှေ၊ ဦးအောင်ရှိန်၊ ဦးလှတင့်၊ ဒေါ်ချောစိန်၊ ဒေါ်ခင်ပြုံး၊ ဦးသန်းငွေ၊ ဦးမြင့်သိန်း၊ ဦးသိန်းရွှေ၊ ဒေါ်အုန်းရွှေနှင့် ဦးခင်ဝင်းတို့အပါအဝင် ပါတီဝင် ၁၁၂ ဦးတို့သည် ဩဂုတ် ၁၀ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။**

နုတ်ထွက်

**လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုသောပါတီကြီးတစ်ခု ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် NLD ပါတီသို့ ၎င်းတို့ဝင်ရောက်ခဲ့သော်လည်း ပါတီခေါင်းဆောင်များသည် ပုဂ္ဂိုလ်ရေးအာဃာတများဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုး ဆောင်ရွက်ခြင်းမရှိဘဲ အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်နေသဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။**

(သတင်းစဉ်)

20-8 (20) 1 8/20/07, 2:13 AM